ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-4-2008) (၅၆၅၇)

အပ္ပမာဒေါ စ ဓမ္မေသု တော် မင်္ဂလ မုတ္တမံ

တရား၌ မမေ့လျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် နမ့်ခချောင်းကူး ဝမ်တာခက်ဘေလီတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းပျဉ်း-မက်မန်းကားလမ်းနှင့် တံတားများ ကြည့်ရှုစစ်ဆေး ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဧပြီ ၈ ရက် နံနက် ၇ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် မိုင်းပျဉ်းမြို့မှ ထွက်ခွာ၍ မိုင်းပျဉ်း-မက်မန်းကားလမ်းနှင့် တံတားများ အခြေအနေများ ကြည့်ရှုစစ်ဆေးကာ မိုင်တိုင် (၂၄/၄)ရှိ အရှည် ပေ ၄၄၀ နမ့်ခချောင်းကူး ဝမ်တာခက်ဘေလီတံတားကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် နမ့်ခချောင်း တစ်ဖက်ကမ်းရှိ တာကော်လေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝမ်တာခက်၊ တာကော်လေး၊ ဝမ်စလောင်း ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကား ပြောကြားကာ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာဆေးပေးခန်းနှင့် စာသင်ကျောင်းအမိုးများ ပြုပြင်ရန်အတွက် သွပ် ၁၀၄ ချပ် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးသည် ကျေးရွာနေ ပြည်သူများအတွက် စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် ရှင်သန်တည်တံ့ဖို့လိုအပ်တဲ့ အာဟာရပဲ

"အခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် ရှင်သန်တည်တံ့ဖို့လိုအပ်တဲ့ အာဟာရပဲ။ ဒါပေမယ့် အာဟာရဖြစ်ဖို့ဆိုတာ ကိုယ်စားချင်တဲ့ အစာတိုင်း စားလို့မရဘူး။ ကောင်းတယ်ဆိုတဲ့ အစာတိုင်းလည်း စားလို့မဖြစ်ဘူး။ ကိုယ့်ကျန်းမာရေးအခြေအနေနဲ့ကိုက်ညီပြီး ကိုယ်နဲ့သင့်မြတ်မယ့်၊ အစာလည်းဆေး၊ ဆေးလည်း အစာဖြစ်မယ့် ဓာတ်စာမျိုးကိုပဲ ရွေးရမှာပေါ့။ ဖြစ်ချင်တာတွေထက် ဖြစ်သင့်တာကိုရွေးမှ ကိုယ့်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် အသင့်တော်ဆုံး အခြေခံဥပဒေကို ရမှာပေါ့"

မောင်ဒွဲ့ဒိုး၏ **"နိုင်ငံကို အမှန်တကယ်ချစ်သူတိုင်း အမှန်ကို ခြစ်ကြပါစို့"** (ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၃-၄-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

စက်မှုကဏ္ဍဖွံ့ဖြိုးရေးအလေးထား စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

ယနေ့ကာလတွင် နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ စက်မှုဇုန်များ ထူထောင်ခြင်း၊ စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေး အဘက်ဘက်က ကူညီအားပေးလျက်ရှိသည်။

ဒေသအသီးသီးရှိ စက်မှုဇုန်များအနက် တောင်ကြီးအေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာ စက်မှုဇုန်တို့တွင် ခေတ်မီသံရည်ကျို ပုံလောင်းပုံဖိစက်ရုံများကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင်ထားသည်။ သံထည်ပစ္စည်း ကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများလည်း ဆက်စပ်ဖွံ့ဖြိုး တိုးတက်လာလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း၌လည်း စက်မှုဇုန် ၁၀ ဇုန်ရှိရာ မှတ်ပုံတင်ပြီး စက်ရုံ ၂၉၂၁ ရုံတို့မှ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးနေပြီဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့ကလည်း လူသုံးအိမ်သုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ၊ နည်းပညာနှင့် ထုတ်လုပ်မှုမြင့်မားသည့် စက်ပစ္စည်းများ ထုတ်လုပ် သည့် စက်ရုံအလုပ်ရုံများစွာကို တိုးချဲ့ထူထောင်လျက်ရှိရာ စက်မှုကဏ္ဍထုတ်လုပ်မှု အလားအလာကောင်းများ ဖြစ်ထွန်းနေသည်။

စက်ရုံ အလုပ်ရုံအသီးသီးနှင့် စက်မှုဇုန်များအနေဖြင့် ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ဈေးကွက်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဝယ်လိုအားများသောပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သုံးစွဲသူများအကြိုက်တီထွင်ထုတ်လုပ်သွားရေးတို့အတွက် မျက်ခြည်မပြတ် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်ဖြစ်ရာ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၊ ခေတ်မီစက်ရုံအလုပ်ရုံများ ရင်းနှီးထူထောင်လာမှုနှင့်အတူ အရည်အသွေးမြင့် ကုန်ပစ္စည်းများ၊ အဆင့်မီလူသုံးအိမ်သုံး ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ॥

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျေးဇူးရှင်နှစ်ဖက်မိဘများဖြစ်သော ဦးဖိုးနှောင်း-ဒေါ်မမကြီး၊ ဦးထွန်းတင်-ဒေါ်ခင်စုနှင့် ခင်ပွန်း၊ ဦးငွေစန်း၊ မောင်ဦးမောင်မောင်(ကျိုက်ထို)တို့အား ရည်စူး၍ ဒေါ်သန်းမြင့်၏ ၇၆ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်း ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်သန်းမြင့်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဉာဏဂ္ဂ(ပညာမြေကျောင်း) ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဓမ္မသဘင် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၂

သာသနာရေးဝန်ကြီးဌာန ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ ဓမ္မသဘင် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီတွင် ပုဂံမြို့၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်နှင့် တာဝန်ရှိသူတို့က ပန္နက်တော် တင်ပေးကြသည်။

အဆိုပါ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဓမ္မသဘင် အဆောက်အအုံကြီး၌ မြန်မာနိုင်ငံ ရှေးဟောင်းပုဂံမြို့ဟောင်းကို အခြေခံ၍ ကမ္ဘာအရပ်ရပ်မှ ပုဂံဒေသသို့ လာရောက်ကြသည့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော ခရီးသွားဧည့်သည်များအား ဗုဒ္ဓဓမ္မတရားတော်များ ဟောကြားဖြန့်ဝေ တရားအလှူ ပေးသွားမည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးထီးတော်သစ်တင်လှူ ပူဇော်နိုင်ရန်အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက် ခေမာလမ်းနေ ဦးစိန်လွင်-ဒေါ်ခင်အုန်းမြင့် အားအမှူးထား၍ သမီးဒေါက်တာမိုးဖြူလွင်က အလှူငွေကျပ် တစ်သိန်းကို ကိုယ်စားလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေးနှင့် ဦးသိန်းဦးတို့ လက်ခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ငွေဦး ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေဦးသည် ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး၌ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ စစ်ကိုင်းမြို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ မန္တလေးတိုင်း ကျောက်ဆည်မြို့ အင်းကုန်းရှိ စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ် ရေးစက်ရုံခန်းမ၌ အရာထမ်း၊ အမှုထမ်းများအား လည်းကောင်း တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ လသာမြို့နယ်နေ နှစ်ဖက်မိဘများ နှင့် ဦးထွန်းအောင်၊ ကိုစိုးအောင်တို့ကို ရည်စူး၍ ဒေါ်စောဝှာ မိသားစုက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်း ၁၃၇ လမ်းမှ ဦးရွှေသန်း-ဒေါ်ငွေကြည် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အဖွဲ့ဝင်ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လက်ခံယူ

ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း(၇)မိုင် ကုန်းမြင့်ရိပ်သာလမ်းသွယ်နေ ဦးလှငွေ-ဒေါ်ယဉ်ယဉ်လှ (ငွေးမိသားစု ကုမ္ပဏီ)၏ (၄၄) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင်အလှူငွေကျပ် ၄၄ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

အရှင်စန္ဒသာရ(ကျောင်းကုန်း) နှစ်ဦးဓမ္မသဘင်

ရန်ကုန် ဧပြီ ၂၂

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိက ဓမ္မာစရိယ ဆရာတော် အရှင်စန္ဒသာရ(ကျောင်းကုန်း) အရှင်မြတ်သည် ဧပြီ၂၁ရက်မှ၂၉ရက်အထိ ဘိုကလေးမြို့ မြင်းကကုန်း ယောသိတာရုံရွှေကျောင်းတိုက် ဓမ္မသဘင်၊ မေ ၁ ရက်မှ ၈ ရက်အထိ သာပေါင်းမြို့ ဘုရားကြီးသစ္စာရောင်ခြည် ဓမ္မရိပ်သာဓမ္မသဘင်၊ ၉ ရက်ည ကျောင်းကုန်းမြို့ ချောင်းဝချမ်းသာကြီးဘုရား ဓမ္မသဘင်၊ ၁၁ ရက်မှ ၁၈ ရက်အထိ မော်ဘီမြို့ မြောင်းတကာစံပြ မိုးကုတ်အဖွဲ့ခွဲ (၂၃၇) ဓမ္မသဘင်တို့၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော်နှင့်ဆက်သွယ်လိုပါက ဖုန်း ၀၄၆-၄၀၄၉၈၊ ၀၉-၅၁၄-၇၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

*** ရွှေ့ဖုံးမှ**

ယင်းနောက် တိုင်းမှူးသည် မော်ဖဒေသ၊ မက်မန်းမြို့နယ် ဆွတ်ပိုးကျေးရွာ ပြည်သူ့ဆေးရုံခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆွတ်ပိုးကျေးရွာအုပ်စု၊ နမ့်ထော် ကျေးရွာအုပ်စု၊ မင်းရန်အောင် ကျေးရွာအုပ်စု၊ ဝိန်းနောင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားပြီးနောက် ဆွတ်ပိုးကျေးရွာ ရေရရှိရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ နမ့်ထော်ကျေးရွာနှင့် ပန်ပိုးကျေးရွာ၌ ရေအားလျှပ်စစ် ထုတ်လုပ်ရေးအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းစီနှင့် ကျေးရွာများအတွက် စားသုံးကုန်၊ လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်များနှင့် ဆေးဝါးများပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ဆွတ်ပိုးကျေးရွာနှင့် မက်မန်းမြို့အကြား မိုင်တိုင်အမှတ် (၇၅)သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ကားလမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးကာ မက်မန်းမြို့ မြို့နယ်ခန်းမဆောင်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဝမ်ပောင်ကျေးရွာ၊ အေးချမ်းကျေးရွာ၊ မွန်နိုးကျေးရွာ၊ ပန်ခါးကျေးရွာ၊ တွယ်နောက်ကျေးရွာ၊ အွန်ကလောင်ကျေးရွာနှင့် ငှက်ယောင်းကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံသည်။ ထို့နောက် ပန်ခါးကျေးရွာနှင့် အွန်ကလောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း အမိုးပြုပြင်ရန်အတွက် အမိုးသွပ်များအား ပေးအပ်ထောက်ပံ့ပြီး မက်မန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ဆန်အိတ် ၅၀ နှင့် အိုင်အိုဒင်းဆားများ၊ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်သုံးဆေးဝါးများ၊ ဒေသခံတိုင်းရင်းသားများအတွက် အစေ့ထုတ်ပြောင်း ဧက ၅၀ စိုက်ပျိုးရန် အစေ့ထုတ်ပြောင်းမျိုးစေ့များ ပေးအပ်ထောက်ပံ့သည်။

ယင်းနောက် တိုင်းမှူးသည် မက်မန်းမြို့ ပြည်သူ့ဆေးရုံလူနာဆောင်၌ ဆေးဝါးကုသမှု ခံယူနေသော ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက ပေးအပ်သည့် မက်မန်းမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာ ပင်အတွက် အလှူငွေကျပ် ၁၆သိန်းကို ဆေးရုံတာဝန်ခံဒေါက်တာ စိုင်းဆိုင်မိုင်းထံ လွှဲပြောင်းပေးအပ်သည်။

တိုင်းမှူးသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင်နမ့်ထော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအားတွေ့ဆုံပြီး ကျေးရွာအတွက် စားသောက်ဖွယ်ရာများ၊ အိုင်အိုဒင်းဆားများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ပန်ကော်ကျေးရွာ၊ မငေါက်ကျေးရွာ၊ နားလုံကျေးရွာများသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အိုင်အိုဒင်းဆားများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်ပြီး ဝမ်မတ်ကျေးရွာနေ ဦးမဟာဖုန်း၏ မကွေး (၁၂) မျိုးမြေပဲ နှစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဟောင်ကန်ကျေးရွာရှိ လက်ဖက်ပျိုးခင်းများ ပျိုးထောင်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြတ်တရား (၄)ပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။
(ဓမ္မပဒ ၂၀၄)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဋ္ဌူ ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း ဆောက်လုပ်ဆဲ စိတ္တဝိဝေက လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် သမိုင်း (၁)ရပ်ကွက် ၇ လမ်းနေ ဒေါ်ကြည်ကြည်ဝင်း (ဝေဟင်ဦးစတိုး) မိသားစုက အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ (ပုဂံ)မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သံအမတ်ကြီး ဦးသောင်းထွန်းအား နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသောင်းထွန်းအား နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ဧပြီ ၂၂ ရက်က ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တောလမ်းနေ ဦးဝင်း၊ ဒေါ်သိန်းမိသားစုက ဘောဂရပ်ကွက် ကတ္တရာလမ်းခင်းရန်အတွက် လမ်းဖြစ်မြောက်ရေးကော်မတီသို့ အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (၅၄၆)

ပထမအကြိမ် ဝန်ထမ်းသီးသန့် တရားစခန်းပွဲတွင် စုပေါင်း ဒုလ္လဘရဟန်းခံပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၂

နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်း၍ဒုလ္လဘရဟန်းခံပွဲကို ဧပြီ ၁၁ရက် ညနေ ၄ နာရီတွင် နေပြည်တော် ပျဉ်းမနား ပန်းခင်းကွက်သစ်ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေး မဟာစည်ရိပ်သာ၌ ကျင်းပသည်။

စုပေါင်းရဟန်းခံပွဲသို့ ဘုရားကြီးတောရကျောင်း၊ ရွှေပြည်အေးမဟာစည်ရိပ်သာ ဆရာတော် ဦးဓမ္မပါလ အမှူးရှိသော ကာရကသံဃာ ကိုးပါးနှင့် ဒုလ္လဘသံဃာ ၂၆ ပါးတို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ဇနီး ဒေါ်သန်းသန်းအေး အမှူးပြုသော အရာထမ်း၊ အမှုထမ်းမိသားစုများ တက်ရောက်ကြည်ညို၍ သိမ်ဆင်းလောင်းလှူကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တရားစခန်းပွဲတွင် ဒုလ္လဘရဟန်းယောဂီ ၂၆ ပါး၊ သာမဏေ နှစ်ပါး၊ သီလရှင် ခုနစ်ပါး၊ အမျိုးသမီး ယောဂီ ၂၈ ဦး စုစုပေါင်း ၆၃ပါး တရားအားထုတ်ကြကြောင်း သိရသည်။ (သတင်းစဉ်)

ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

နိုင်ငံကို အမှန်တကယ်ချစ်သူတိုင်း အမှန်ကို ခြစ်ကြပါစို့

မောင်ဒွဲဒိုး

မောင်ရွှေအိုး။ သူငယ်ချင်း၊မင်းနဲ့တစ်ခုတော့ဆွေးနွေးချင်တယ်ကွာ။ လာမယ့် ပြည်သူ့ဆန္ဒခံယူပွဲမှာ ထောက်ခံမဲပေးကြဖို့ ပြောနေကြတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ပြည်သူ့ဆန္ဒနဲ့ အတည်ပြုရမယ့် ဒီအခြေခံဥပဒေက တကယ်ကောင်းမှလည်း ဒို့ပြည်သူတွေ ထောက်ခံမဲထည့်ချင်မှာပေါ့။

မောင်ဒွဲဒိုး။ အဲဒီတော့ မင်းဘယ်လိုထင်လို့လဲ။ ဒီအခြေခံဥပဒေက တကယ်မကောင်းဘူးလို့ ထင်သလား။

အိုး။ မကောင်းဘူးလို့တော့ မထင်ပါဘူး။ ဒါပေမယ့် ဒီအခြေခံဥပဒေဟာ စစ်ဘက်ကိုယ်စားလှယ်တွေက ဥပဒေပြုအဖွဲ့တွေမှာ ၂၅ ရာခိုင်နှုန်းစီ ပါနေတာဟာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီမဟုတ်ဘူးလို့ ပြောတဲ့သူတွေက ပြောနေကြတယ်။ ပြီးတော့လည်း ဗဟိုပြည်ထောင်စု အစိုးရနဲ့ ပြည်နယ်အစိုးရတွေ အာဏာခွဲဝေတဲ့နေရာမှာ ပြည်ထောင်စုအစိုးရက အာဏာတွေ ပိုယူထားတာ၊ ကြွင်းကျန်အာဏာမှန်သမျှ ပြည်ထောင်စုအစိုးရက ယူထားတာတွေဟာ ပြည်ထောင်စုစစ်စစ်ပုံစံမဟုတ်ဘူးလို့လည်း ပြောနေကြတယ်။ ဒါဆိုရင် ဒီအခြေခံဥပဒေကြီးဟာ ကောင်းတယ်လို့ ဘယ်ပြောနိုင်မလဲ။

ဒိုး။ အဲဒီလိုဆိုရင် မင်းကိုလည်း မေးခွန်းလေးတွေ နည်းနည်း ပြန်မေးရဦးမယ်။ အုန်းနို့ခေါက်ဆွဲတို့၊ ဒံပေါက်ထမင်းတို့၊ ရေခဲမုန့်တို့၊ ဒူးရင်းသီးတို့၊ တညင်းသီးအုန်းနို့ဆမ်းတို့ မင်းအလွန်ကြိုက်တယ်မဟုတ်လား။ အဲဒီအစားအစာတွေကို ဘာလို့ကြိုက်တာလဲ။

အိုး။ ဟ၊ အဲဒါတွေက ကောင်းလို့ကြိုက်တာပေါ့ကွ။ ငယ်ငယ်တုန်းကဆိုရင်တော့ ဘာပြောကောင်းမလဲ၊ အုန်းနို့ခေါက်ဆွဲဆိုလည်း သုံးလေးပွဲတော့ အသာလေးပဲ။ ဒံပေါက်ဆိုလည်း အနည်းဆုံးနှစ်ပွဲလောက်တော့ တွယ်လိုက်ရမှ၊ ဒူးရင်းသီးဆိုလည်း အလုံးကြီးတစ်လုံးကို တစ်ယောက်ထဲစားတာတောင် မတင်းတိမ်ဘူး။ တညင်းသီးကတော့ ပြောမနေနဲ့ ထမင်းလွတ်ကို ပြုတ်ပြီးစားတာ။

ဒိုး။ အခုရော အဲဒီကောင်းတာလေးတွေ စားနိုင်သေးရဲ့လား။

အိုး။ မပြောချင်ပါဘူးကွာ၊ တစ်လောကပဲ ခေါင်းထဲက ရိုးတိုးရိပ်တိပ်နဲ့ ရင်ထဲကလည်း မောသလို၊ အောင့်သလိုဖြစ်လို့ ဆရာဝန်သွားပြတော့ နှလုံးသွေးကြောကျဉ်းပြီး သွေးတိုးနေတယ်ဆိုလို့ အခုတော့စားချင်ရက်နဲ့မြင်ရုံသာမြင်ရ မကြင်ရမောင့်ကိုယ် ဖြစ်နေတယ်။

ဒိုး။ အေး၊ ငါပြောချင်တာလည်း အဲဒါပဲကွ။ ကောင်းတဲ့ဥစ္စာတိုင်းလည်း လူတိုင်းနဲ့သင့်မြတ်ချင်မှ သင့်မြတ်တာ။ အခုငါတို့အဓိကစဉ်းစားရမှာက ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံရေးသိပ္ပံပညာက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း သဘောတရားတွေနဲ့ ရာနှုန်းပြည့်ကိုက်ညီ/မညီ ဆိုတဲ့ ကိစ္စမဟုတ်ဘူး။ ငါတို့နိုင်ငံရဲ့ ရေမြေအနေအထား၊ ယဉ်ကျေးမှု ဓလေ့ထုံးစံနဲ့ နိုင်ငံရေးအခြေအနေသမိုင်းကြောင်း အတွေ့အကြုံအရ သင့်တော်၏/မတော်၏ ဆိုတာကပိုအရေးကြီးတယ်လေ။

အိုး။ မင်းဟာက၊ နိုင်ငံတကာစံနဲ့ညီညွတ်တော့ ပိုမကောင်းဘူးလား။ မဟုတ်ရင် ငါတို့ အခြေခံဥပဒေကို စံမမီတဲ့ အခြေခံဥပဒေဆိုပြီး နိုင်ငံတကာက ပြောကြဆိုကြမှာပေါ့။

ဒိုး။ ငါကလည်း အဲဒီကိစ္စကို လူတွေ ရှင်းရှင်းလင်းလင်း သိစေချင်လို့ ပြောချင်နေတာပါ။ မင်းရဲ့မေးခွန်းကို ဖြေရရင် ရာနှုန်းပြည့်စံချိန်မီတဲ့ အခြေခံဥပဒေဆိုတာ ကမ္ဘာမှာ မရှိသေးပါဘူး။ ဒီမိုကရေစီနဲ့ပတ်သက်လို့ပြောရရင်အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီရှိပါတယ်လို့ လက်မ,ထောင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံမှ မရှိပါဘူး။ ဒီမိုကရေစီဆိုတာ ပြည်သူကနေ ပြည်သူထဲက ရွေးကောက်တင်မြှောက်ပြီး ပြည်သူ့အတွက် ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်တွေနဲ့ အုပ်ချုပ်တာလို့ သတ်မှတ်မယ်ဆိုရင် ဒီမိုကရေစီဘိုးအေလို့ဆိုတဲ့ နိုင်ငံကြီးတစ်နိုင်ငံမှာ အထက်လွှတ်တော်ဟာ အခုအချိန်အထိ သူကောင်းပြုမျိုးရိုးတွေ၊ မှူးကြီးမတ်ရာတွေက ဆင်းသက်လာတဲ့သူတွေနဲ့ ဖွဲ့စည်းထားတာလေ။ ပြည်သူက ရွေးကောက်တင်မြှောက်တယ်ပဲ ဆိုဦးတော့ ငွေသာပဓာနဖြစ်တဲ့ လူ့အဖွဲ့အစည်းတွေမှာငွေရှိတဲ့ လူနည်းစု၊ လူ့မလိုင်အလွှာတွေပဲ ကိုယ်စားလှယ်အဖြစ် အရွေးခံကြရတာပဲ။ဒီမိုကရေစီရှေ့ဆောင်ဆိုတဲ့ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးရဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ရာကျော်ကတည်းက ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေမှာ“ဘုရားသခင်က လူသားတွေကို ညီတူညီမျှဖန်ဆင်းခဲ့သည်”လို့ အချိုးနိဒါန်းမှာ ရေးထားပေမယ့် ငွေဝယ်ကျွန်ဟောင်း လူမည်းတွေဟာ ၁၉၆၀ ပြည့်လွန်နှစ်တွေကျမှ ညီတူညီမျှ မဲပေးခွင့်ရခဲ့ကြတယ်။ လူမည်းတွေ မဲပေးခွင့်ရကြပေမယ့်ဥပဒေပြုအဖွဲ့အစည်းတွေမှာ ဝင်ပြီးအရွေးခံရတဲ့နေရာမှာတော့ တခြားသူတွေနဲ့နှိုင်းစာရင် လူဦးရေနဲ့ရွေးကောက်ခံရတဲ့ အချိုးမှာ မမျှမတနဲ့ အလွန်နည်းပါတယ်။ ဥပမာ-နိုင်ငံ လူဦးရေရဲ့ ၁၀ရာခိုင်နှုန်းကျော်ရှိတဲ့ လူမည်းတွေဟာ နှစ်ပေါင်း ၂၀၀ ကျော်အတွင်း အထက်လွှတ်တော်မှာ အမတ်ဖြစ်ခွင့်ရတာ အခုမှ ထူးထူးခြားခြားတစ်ယောက်ပဲ ရှိသေးတယ်။ဒါပေမယ့် နိုင်ငံလူဦးရေရဲ့ ၀ ဒသမ ၀၁ ရာခိုင်နှုန်းတောင်မရှိတဲ့ လူနည်းစုလူမျိုးတစ်မျိုးကတော့ အထက်လွှတ်တော်မှာ ၁၀ ရာခိုင်နှုန်းကျော် ရွေးကောက်ခံထားရတယ်။ သူတို့ကအရမ်းချမ်းသာတယ်လေ။လူ့မလိုင်ဒီမိုကရေစီပေါ့ကွာ။

နိုင်ငံတကာက ပြောတယ်ဆိုတာကလည်း လိုရင် လိုသလို၊ မလိုရင်မလိုသလို ပြောကြတာပါကွာ။အခုထက် ထိ ပဒေသရာဇ်စနစ်စစ်စစ်နဲ့ အုပ်ချုပ်နေတဲ့ နိုင်ငံတွေ၊ ပဒေသရာဇ်တစ်ပိုင်းနိုင်ငံတွေ အများကြီးရှိနေတာပဲ။ ဘယ်သူကမှ ယောင်လို့ ပါးစပ်မဟကြပါဘူး။သူတို့ဩဇာကို မနာခံတဲ့နိုင်ငံတွေ၊ သူတို့မလိုလားတဲ့သူတွေ အုပ်ချုပ်နေတဲ့ နိုင်ငံတွေကိုပဲ ပစ်မှတ်ထားပြီး ရှာကြံပြောနေကြတာ ရိုးနေပါပြီ။

အိုး။ ဒါဆိုရင်၊ ခုနကပြောတဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတို့အကြား အာဏာခွဲဝေမှုနဲ့ ပတ်သက်ပြီးတော့ရောကွာ။ မင်းဘယ်လို ရှင်းပြဦးမှာလဲ။

ဒိုး။ အေးပါကွာ၊ ငါတို့ဆီမှာ ပြည်ထောင်စုစနစ်လို့ ပြောလိုက်တာနဲ့ အမြင်နှစ်မျိုးက သိသိသာသာကွဲပြားနေတယ်။ တစ်မျိုးကတော့ ပြည်ထောင်စုစနစ်လို့ ပြောလိုက်ရင် ပြည်နယ်တွေက ထိန်းမနိုင်၊ သိမ်းမရနဲ့ အခုပဲခွဲထွက်တော့မလားလို့ စိုးရိမ်တဲ့အမြင်၊ နောက်တစ်မျိုးကတော့ ပြည်ထောင်စုစနစ်ဆိုတာနဲ့ ဗဟိုအစိုးရကို ငွေစက္ကူထုတ်တာရယ်၊ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဌာနတွေရယ်ကိုပဲ ကိုင်တွယ်ခွင့်ပေးပြီး ကျန်တာ ပြည်နယ်အစိုးရတွေက သဘောရှိ အုပ်ချုပ်နိုင်တဲ့ ကြွင်းကျန်အာဏာ (Residual Power)ကိုရယူမယ် ဆိုတဲ့အမြင်ပဲ။

ငါတို့မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်က ပေါ်ထွန်းခဲ့တဲ့ အခြေခံဥပဒေနဲ့ အခုလာမယ့် မေလ ၁၀ ရက်နေ့မှာ ဆန္ဒခံယူပွဲလုပ်မယ့် အခြေခံဥပဒေမူကြမ်းတွေကတော့ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရအကြားမှာ အာဏာခွဲဝေမှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဇယားနဲ့ပြုစုပြီး ခွဲဝေတဲ့စနစ်ပဲ။ ဇယားထဲမှာမပါတဲ့ ကိစ္စတွေကိုတော့ ဗဟိုကိုပဲ ဥပဒေပြုခွင့် ပေးထားတယ်။

ဒီလိုဇယားနဲ့ အာဏာခွဲဝေမှုစနစ်ကို ကနေဒါနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေမှာလည်း ကျင့်သုံးကြတယ်။ အဲဒီလို ပုံစံတူကျင့်သုံးပေမယ့်လည်း ကနေဒါနဲ့ အိန္ဒိယ နှစ်နိုင်ငံရဲ့ ပြည်ထောင်စုစနစ်အနေအထားက အဆင့်ချင်းမတူကြဘူး။ အိန္ဒိယကပိုပြီး ဗဟိုကထိန်းချုပ်ထားပြီးတော့ ကနေဒါကတော့ ပိုပြီးလျော့ရဲတဲ့စနစ်ဖြစ်တယ်လို့ နိုင်ငံရေးသိပ္ပံပညာရှင်တွေက သုံးသပ်ကြတယ်။ ဒီလိုကွဲပြားရတာလည်း အကြောင်းရှိတယ်။ အိန္ဒိယမှာက မင်းလည်းသိတဲ့အတိုင်း လူဦးရေလည်းများတယ်။ လူမျိုး၊ ဘာသာ၊ စီးပွားရေး အခြေအနေ ကွာခြားမှုတွေလည်းများတယ်။ စာမတတ်တဲ့သူတွေ၊ ဆင်းရဲတဲ့သူတွေလည်း များတယ်။ လူမှုပဋိပက္ခတွေနဲ့ လက်နက်ကိုင် သောင်းကျန်းမှုတွေလည်း ရှိနေတုန်းပဲ။ ဒီတော့ ပြည်ထောင်စုစနစ်ဆိုပေမယ့် အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေ မပြိုကွဲဖို့၊ ပြည်ထောင်စုမပြိုကွဲဖို့အတွက် ဗဟိုထိန်းချုပ်မှုဟာ ပိုပြီးလိုအပ်တယ်။ ကနေဒါမှာတော့ စီးပွားရေးလည်း ဖွံ့ဖြိုးမှုညီညီမျှမျှရှိပြီး ပညာရေးနဲ့ လူနေမှုအဆင့်လည်း မြင့်ကြတယ်။ အင်္ဂလိပ်စကားပြောတဲ့ဒေသနဲ့ ပြင်သစ် စကားပြောတဲ့ဒေသဆိုပြီး နှစ်ပိုင်းကွဲနေပေမယ့် ဒေသချင်းဆက်ဆံရေးကအေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ။ ကြီးမားတဲ့ လူမှုစီးပွားရေးပဋိပက္ခတွေ ဘာမှမရှိဘူး။ အဲဒီတော့ ဗဟိုအစိုးရချုပ်ကိုင်မှု နည်းနည်းပဲထားပြီး ပြည်နယ်တွေကို လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးလို့ရတယ်။

ထင်ရှားတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်တွေဖြစ်တဲ့ Thomas O.Hueglin နဲ့ Alan Fenna တို့က ပြည်ထောင်စုစနစ်တွေမှာ ဗဟိုက ထိန်းချုပ်မှုအားကောင်းတဲ့ပြည်ထောင်စုနိုင်ငံတွေက နိုင်ငံရေးတည်ငြိမ်မှုပိုရှိပြီး ဗဟိုထိန်းချုပ်မှုလျော့နည်းတာနဲ့အမျှ မတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေပိုများတယ်လို့ သူတို့လေ့လာပြုစုထားတဲ့ “Comparative Federalism” ပြည်ထောင်စုစနစ်နှိုင်းယှဉ်ချက်စာအုပ်မှာ သုံးသပ်ရေးသားထားတာတွေ့ရတယ်။

အိုး။ ဒို့နိုင်ငံမှာလည်း တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်နဲ့ အခုထက်ထိ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကွာဟနေသေးတဲ့ တောင်ပေါ်နဲ့ ကျေးလက်ဒေသတွေ ရှိနေသေးတော့ ညီညီမျှမျှဖွံ့ဖြိုးတိုးတက်လာဖို့ ဗဟိုက တာဝန်ယူထိန်းညှိဆောင်ရွက်ပေးဖို့လိုမှာပေါ့။ မင်းက ဒီလိုပြောချင်တာလား။

ဒိုး။ အမှန်ပဲပေါ့ကွာ။ ပြည်နယ်တွေက လွတ်လွတ်လပ်လပ် ကိုယ့်တာဝန်ကိုယ်ယူ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ကြလို့ ခွင့်ပေးထားရင် သယံဇာတနဲ့လူ့အရင်းအမြစ် တောင့်တင်းတဲ့ ပြည်နယ်တွေနဲ့ လူဦးရေနည်းပါးပြီး သယံဇာတရှားပါးတဲ့ တချို့ပြည်နယ်တွေအကြားမှာ ကွာဟချက်ပိုပြီးကြီးမားလာမှာပေါ့။ လူမှုစီးပွားရေး ကွာဟချက်ကြီးမားလာလေလေ၊ တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြားမှုလည်း ကြီးထွားလာလေလေဖြစ်ပြီး နောက်ဆုံးမှာတော့ ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်သွားတော့မှာပေါ့။ ဒါကြောင့် အားကောင်းတဲ့ ပြည်ထောင်စုဗဟိုအစိုးရက ဦးဆောင်ထိန်းညှိပေးဖို့ လိုလာတာပေါ့။ ပြည်ထောင်စု ဗဟိုအစိုးရမှာလည်း တိုင်းရင်းသားတွေ ညီညီမျှမျှ ကိုယ်စားပြုပါဝင်နိုင်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်နယ်ဝန်ကြီးတွေပါဝင်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ အစိုးရအဖွဲ့တွေနဲ့ ဆောင်ရွက်သွားမှာမို့ တိုင်းရင်းသား အခွင့်အရေးတွေ နစ်နာဆုံးရှုံးမှု သိပ်ပြီးစိုးရိမ်စရာ မရှိပါဘူး။

အိုး။ မင်းပြောသလိုဆိုရင်တော့ အကောင်းသားပဲ။ အခုငါသဘောပေါက်လာတာက မင်းပေးတဲ့ ဥပမာအတိုင်းပြောရမယ်ဆိုရင် **အခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် ရှင်သန်တည်တံ့ဖို့ လိုအပ်တဲ့ အာဟာရပဲ။ ဒါပေမယ့် အာဟာရဖြစ်ဖို့ဆိုတာ ကိုယ်စားချင်တဲ့ အစာတိုင်းစားလို့မရဘူး။ကောင်းတယ်ဆိုတဲ့ အစာတိုင်းလည်း စားလို့မဖြစ်ဘူး။ ကိုယ့်ကျန်းမာရေး အခြေအနေနဲ့ ကိုက်ညီပြီး ကိုယ်နဲ့သင့်မြတ်မယ့်၊ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်မယ့် ဓာတ်စာမျိုးကိုပဲ ရွေးရမှာပေါ့။ ဖြစ်ချင်တာတွေထက် ဖြစ်သင့်တာကိုရွေးမှ ကိုယ့်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် အသင့်တော်ဆုံးအခြေခံဥပဒေကို ရမှာပေါ့** ဟုတ်တယ်မဟုတ်လား။

ဒိုး။ မှန်လိုက်လေ သူငယ်ချင်းရာ။ ဒါကြောင့်မို့ **နိုင်ငံ့အကျိုးစီးပွားကိုလိုလားတဲ့သူတိုင်း၊ နိုင်ငံကို အမှန်တကယ်ချစ်တဲ့သူတိုင်း အခုလာမယ့် ဆန္ဒခံယူပွဲမှာ မဲရုံကိုသွားပြီး အမှန်ကိုခြစ်လို့ တာဝန်ကျေပွန်ကြပါစို့** လို့ တိုက်တွန်းချင်တာပါပဲကွာ။ ။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။



အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၂

ပဲခူးတိုင်းအနောက်ပိုင်းပန်းတောင်းမြို့နယ်ထုံးဘိုမြို့ သက္ကဗိမာန်ကန်သာတောရ ဆရာတော် ဘဒ္ဒန္တကုန္ဒာစက္ကအား အမှူးထား၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရှင်သာမဏေ အပါး ၁၀၀ ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို မေ ၂၂ရက်နှင့် ၁၃ရက်တို့တွင် ထုံးဘိုမြို့ ဂျုတ်စမ်းတောရ သာသနာ့နယ်မြေ၌ ကျင်းပသည်။

သိမ်ထပ်မင်္ဂလာနှင့် အလှူတော်မင်္ဂလာ ရေစက်ချ အခမ်းအနားကို မေ ၁၃ရက် နံနက်ပိုင်းတွင်ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ဇနီးဒေါ်မိုးမိုးမြင့်နှင့် ဝန်ထမ်းမိသားစုများက သံဃာတော်များအား လှူဖွယ်ဝတ္ထုများဖြင့် သိမ်ဆင်းလောင်းလှူ၍ အလှူမင်္ဂလာ မဏ္ဍပ်တွင် ဆရာတော် ဘဒ္ဒန္တကုန္ဒာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးသံဃာတော်များကပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက်ဝန်ကြီး၊ဇနီးနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်သက်န်းများ ဆက်ကပ်လှူဒါန်းကြ၍ ဆရာတော်ထံမှ သာဓုအနုမောဒနာ တရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထီးရိုးမဟာစည်အတွင်း၌ ဘဒ္ဒန္တဝိစာရိန္ဒ (မဟာစည်နာယက) သာယာကုန်းဆရာတော် ဦးဆောင်လျက် မဟာစည်သိမ်ကျောင်းပေါ်၌ ရွှေတိဂုံပုံတူ စေတီတည်ဆောက်လျက်ရှိရာဦးကျော်ငြိမ်း-ဒေါ်ကျင်လွမ်အား ရည်စူး၍ ဒေါ်တင်ရီ-ဒေါ်ဖြူဖြူဝင်း ဆရာစံလမ်းမကြီး ကမာကဆစ်ရပ်ကွက်ဒလမြို့နယ်က (အင်္ဂါငြိုဟ်တိုင်)အတွက် အလှူငွေ ကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းရေးနေ့ (၂၀၀၈) ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၂

စစ်ကိုင်းတိုင်း ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းရေးနေ့ (၂၀၀၈)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်း မုံရွာမြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းကျန်းမာရေး ဦးစီးမှူးကိုယ်စား ဒုတိယတိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာ သံလွင်ထွန်းက ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အခမ်းအနားတွင် ပြသထားသည့် ကျန်းမာရေးပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၁၀၇)ရပ်ကွက်ရှိ ကေတုမတီလမ်းတွင် ကျောက်စီနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်သတင်း)

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သောက်သုံးရေရရှိရေးနှင့် လမ်းအဆင့်မြှင့်လုပ်ငန်းများလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မေ ၂၁ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်ရှိ ပျားရည်ကုန်းလမ်း၌ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန် စက်ရေတွင်းသစ် တူးဖော်ဆောင်ရွက်ပြီးစီးမှု၊ စမ်းသပ်လည်ပတ်ဆောင်ရွက်နေမှုနှင့် သောက်သုံးရေထွက်ရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းရှိမေတ္တာပုညကာရီဓမ္မာရုံ၌အဆိုပါရပ်ကွက်မှ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ခုနစ်ပင်လိုင် ချောင်းကူးတံတားတည်ဆောက်ရေးနှင့်သောက်သုံးရေ ဖူလုံစွာ ရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခုနစ်ပင်လိုင်ချောင်းကူးတံတား တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အမှတ်(၂)ရပ်ကွက်ရှိ သုမာလာလမ်းသို့ သွားရောက်ပြီး ကျောက်စီခင်းကျင်းပြီးစီးမှုနှင့် ကတ္တရာလောင်းနေမှုတို့ကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက်ရှိ ကေတုမတီလမ်းအား ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မြသဇင်လမ်းနှင့် ဥက္ကာ(၁)လမ်းထောင့်၌ စက်ရေတွင်းများ တူးဖော်ပြီးစီးမှု၊ ရေသန့်စင်လုပ်ငန်း၊ ရေစစ်ကန်၊ ရေစုကန်၊ ရေတွန်းစက်ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်နေမှုနှင့် အချင်း ၁၆ လက်မရှိ ကြိုတင် အားဖြည့်မြေအောက် ကွန်ကရစ်ပိုက်လိုင်းများ သွယ်ယူနေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ဒဂုံမြို့သစ်(တောင်ပိုင်း) ရေပေးဝေရေးလုပ်ငန်း တစ်ခုလုံးသည် ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီးလုပ်ငန်းတစ်ခုလုံး အချောသတ်ပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ် ၅၃၊ ၅၄၊ ၅၆၊ ၇၀၊ ၇၁၊၇၂၊၁၀၄၊ ၁၀၅၊ ၁၀၆နှင့် ၁၀၇ ရပ်ကွက်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ မြန်မာသကြ်န်
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ မြန်မာသကြ်န်
၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မြန်မာသကြ်န်
၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း အပိုင်း(၄၁)**
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ပျော်ရွှင်ပါစေ အပိုင်း(၁၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၄)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

စစ်မှုထမ်းဟောင်း အခြားအဆင့် သင်တန်းအမှတ်စဉ် (၂/၂၀၀၈) တွင် လုပ်ငန်းကြီးငါးရပ် ဘာသာရပ်၌ ဒုတိယဆုရရှိသော အဖွဲ့ဝင်တစ်ဦးအားကမာရွတ်မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း (အငြိမ်းစား)က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၆)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံ၍ အခြား စက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ကုန်ကြမ်းလုံလောက်စွာ ရရှိနေရုံမျှဖြင့် ဆောင်ရွက်၍မရဘဲ (၂၄)နာရီ ပတ်လုံး လျှပ်စစ်ဓာတ်အား ရရှိနိုင်မှသာ ကုန်ထုတ်လုပ်ငန်း စွမ်းအားပြည့် လည်ပတ်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးသည်လည်း ယခုထက်ပိုမို တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ပေသည်။

တန်ဖိုးဖြတ်၍ မရနိုင်သော မြစ်ချောင်းများမှ သဘာဝ ရေအရင်း အမြစ်ကို အသုံးချ၍ ရေအားလျှပ်စစ် အမြောက်အမြား ထုတ်လုပ်နိုင် သော်လည်း ရေအားလျှပ်စစ်စက်ရုံများသည် ရေအဝင်နှုန်း ကောင်းမွန် သည့် မိုးရာသီအစမှ မိုးနှောင်းကာလပိုင်းအထိသာ ဓာတ်အားများ ကောင်းမွန်စွာ ပေးနိုင်ပါသည်။ လျှပ်စစ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေပေး ဝေရေး တွဲဖက်အသုံးပြုနေသော ဆည်များ၌ မိုးရာသီကာလတွင် စုဆောင်းထားသောရေကို နွေရာသီတွင် နွေစဉ်စိုက်ပျိုးရေးအတွက် ရေပေးဝေရသဖြင့် ရေအားလျှပ်စစ် စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ပိုမိုလျော့နည်း ကျဆင်းလာသည့်အတွက် လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိဟု သိရသည်။

လက်ရှိအခြေအနေတွင် ယင်းကာလ၌ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေအပေါ်မူတည်၍ ကုန်ထုတ်စက်ရုံများ ထုတ်လုပ်မှုစွမ်းအား လျော့နည်းကျဆင်းမှု မဖြစ်ပေါ်စေရေးအတွက် နေ့ခင်းပိုင်းတွင် စက်မှုလုပ်ငန်းများကို ဦးစားပေး၍လည်းကောင်း၊ ညပိုင်း တွင် အများပြည်သူသုံးကို ဦးစားပေး၍လည်းကောင်း အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးသောစနစ်ကို အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်း ပေးလျက်ရှိသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရည်မှန်းချက်တာဝန် (၉) ရပ်အနက်မှ တစ်ရပ်ဖြစ်သော ရေအားလျှပ်စစ်ကို အခြေခံစွမ်းအင်အဖြစ် သုံးစွဲ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအားကို အကူစွမ်းအင်အဖြစ် အသုံးပြုရန် လျာထားသည်နှင့်အညီ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းလာချိန်တွင် အကူစွမ်းအင်ဖြစ်သည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအားကို ပိုမိုတိုးတက်ထုတ်လုပ်ဖြည့်ဆည်းရန် လိုအပ်လာပါ သည်။

အခြားထုတ်ကုန်ပစ္စည်းများနှင့် မတူညီသော လျှပ်စစ်ထုတ်ကုန်၏ သဘာဝ

လျှပ်စစ်၏ ထူးခြားသော သဘာဝတစ်ခုမှာ အခြားထုတ်ကုန် ပစ္စည်း များကဲ့သို့ ကြိုတင် ထုတ်လုပ်ပြီး အမြောက်အမြား သိုလှောင်ထား၍

သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ

မရပါ (Non-storability)။ ထို့အတူ ဓာတ်အားသုံးစွဲမှုပမာဏမှာ အချိန် နှင့်အမျှ ပြောင်းလဲနေခြင်း (Continuous Demand Variation) ဖြစ်ပေါ် နေသဖြင့် အချိန်စက္ကန့်နှင့်အမျှ ပြောင်းလဲနေသော သုံးစွဲမှုပမာဏအတိုင်း ဓာတ်အားပေးစက်များ၏ ထုတ်လုပ်မှုကို လိုက်ပါပြောင်းလဲပေးနေရသည်။

ဓာတ်အားထုတ်လုပ်မှုပမာဏသည် သုံးစွဲမှုပမာဏနှင့် ကိုက်ညီရပါ သည် (Supply & Demand Equilibrium)။ သို့ပါ၍ သုံးစွဲသူ လိုအပ် သမျှ ပမာဏကို အချိန်နှင့်အမျှ အတိအကျ ဖြည့်ဆည်းနိုင်ရန် ဓာတ်အား ပို့လွှတ် ဖြန့်ဝေရသူအနေဖြင့် ထုတ်လုပ်ပေးသူကို စဉ်ဆက်မပြတ် ညှိနှိုင်း တောင်းခံ ဆောင်ရွက်ရပါသည်။

ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်အင်အားထက် သုံးစွဲမှု အင်အားက ပိုလာသောအခါတွင် ဓာတ်အားစနစ် တစ်ခုလုံး၌ တစ်စက္ကန့် အတွင်းရှိရမည့် သတ်မှတ်ထားသော လျှပ်စစ်လှိုင်းအရေအတွက် ကြိမ်နှုန်း ဖရီကွင်စီ (Frequency) ကျဆင်းမှုများနှင့်အတူ ဗို့အားကျဆင်းမှုပါ ဖြစ်ပေါ်လာပါသည်။ မြန်မာ့လျှပ်စစ်လက်စွဲအရ အများပြည်သူသုံး ဗို့အား (၂၃၀)ဗို့တွင် အတက်အကျ (±၅%)သာ ခွင့်ပြုသကဲ့သို့၊ ကြိမ်နှုန်း (Frequency)တွင်လည်း အတက်အကျ (±၂%) သာ ခွင့်ပြုပါသည်။ သို့ပါ၍ လိုက်နာရန်နည်းဥပဒေ (Manual) အရ Frequency ကို သတ်မှတ်ပမာဏအတွင်းရှိစေရန် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ ဓာတ်အားစနစ်အား (၂၄) နာရီ မောင်းနှင်ကွပ်ကဲနေသော ဓာတ်အားကွပ်ကဲ ရေးဌာနက ဖရီကွင်စီကျ၍ ဝန်အားလျှော့ရခြင်း (Frequency Load-Shedding) အလုပ်ကို ဓာတ်အား သုံးစွဲသူအချို့အား ယာယီဓာတ်အား



ရွာမ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ

ဖြတ်တောက်မှု ချက်ချင်းပြုလုပ်၍ ကုစားကြရသည်။

အကယ်၍ ချက်ချင်းယာယီ ဓာတ်အားဖြတ်၍ ထုတ်လုပ်နိုင်မှု ထက်များနေသော သုံးစွဲမှုပမာဏကို လျှော့ချခြင်း မပြုလုပ်ပါက ဓာတ်အားပေး စက်များ၏ Speed ဆက်လက် ကျဆင်းပြီး ဓာတ်အား စနစ်အတွင်းမှ ဓာတ်အားပေးစက် များ တစ်လုံးပြီးတစ်လုံး အလို အလျောက် ရပ်သွားကာ မဟာ ဓာတ်အားလိုင်း နယ်မြေတစ်ခုလုံး၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံး နီးပါး ဓာတ်အားပြတ်တောက်သွား မည်ဖြစ်ပါသည်။ ထိုသို့ တစ်နိုင်ငံ လုံး ဓာတ်အားပြတ်တောက်ခြင်း မဖြစ်စေရန် အလို့ငှာ ဧရိယာအချို့ကို မလွှဲမရှောင်သာ ယာယီဓာတ်အား ဖြတ်၍ ဓာတ်အားစနစ်ကို ထိန်းသိမ်း မောင်းနှင်ရခြင်း ဖြစ်သည်ဟုဆို သည်။

ဤကဲ့သို့ အခြေအနေများ မပေါ် ပေါက်စေရန် နိုင်ငံတကာတွင် ဓာတ်အားသုံးစွဲသည့် ပမာဏ ရုတ်တရက် တက်လာပါက ဓာတ်အား တိုးတက်ထုတ်လုပ်ပေးနိုင်ရန်အတွက် အမြင့်ဆုံးဝန်အားထက် ၁၀% ခန့် ပိုမိုထုတ်လုပ်နိုင်အောင် မောင်းနှင်ထားသော ဓာတ်အားပေးစက်များကို ဝန်အားအပြည့်မဆွဲဘဲ မောင်းနှင်ဆဲစက်များမှ ထပ်မံထုတ်လုပ်နိုင်မှု အရန်အင်အား (Spinning Reserve) အဖြစ်ထားလေ့ရှိကြပါသည်။ မြန်မာနိုင်ငံတွင် ဝန်အားနည်းသည့်အချိန်၌ မောင်းနှင်ဆဲစက်များမှ ထပ်မံ ထုတ်လုပ်နိုင်မှု (Spinning Reserve) ထားရှိနိုင်သော်လည်း ဝန်အား အများဆုံး အသုံးပြုချိန်တွင် စက်အင်အား အပိုမရှိတော့သဖြင့် ဝန်အားလျှော့ (Load Shedding) စနစ်ကိုသာ ကျင့်သုံးနေရသည်ဟု သိရသည်။

လက်ရှိ မောင်းနှင်ဓာတ်အားပေးထားသော ဓာတ်အားပေးစက် တစ်လုံးလုံးသည် အချိန်မရွေး စက်ချို့ယွင်းမှု ဖြစ်ပေါ်ပြီး ကြီးမားဆိုးရွား သည့် ပျက်စီးမှုမှ ရှောင်ရှားနိုင်ရန် စက်ကို ချက်ချင်းရပ်လိုက်ရမည် ဖြစ်သည်။ ထိုအချိန်တွင် ဓာတ်အားထုတ်လုပ်နိုင်မှု ရုတ်ခြည်းလျော့ကျ သွားမည်ဖြစ်၍ အခြေအနေကို ထိန်းသိမ်းနိုင်ရန် နောက်ထပ် စက်အရံ တစ်လုံးကို ချက်ချင်းအစားထိုး မောင်းနှင်နိုင်ရန် လိုအပ်ပါသည်။ ၎င်းကို မောင်းနှင် ရန် အသင့်အရန် (Cold Reserve)ဟု ခေါ်ဆိုပြီး၊ မောင်းနှင်ရန် အသင့် အရန် (Cold Reserve) ပမာဏသည် မောင်းထားသော စက်များထဲမှ အကြီးဆုံးစက်တစ်လုံးစာ ပမာဏရှိရန်လိုသည်ဟု သိရ သည်။

လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများ၏ အသုံးပြုပစ္စည်း စံနှုန်းကွာခြားမှု

ဓာတ်အားစနစ်သည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သုံးစွဲလျက်ရှိသော ပြည်သူလူထုကိုလည်းကောင်း၊ ဓာတ်အားသုံးစွဲပုံ သဘာဝကွဲပြားခြားနား သော စက်မှုလုပ်ငန်းများကိုလည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဓာတ်အားပေးရသဖြင့် ဓာတ်အားအရည်အသွေးကို သုံးစွဲသူအားလုံး ရာခိုင်နှုန်းပြည့် ကျေနပ်စွာ ရရှိနိုင်အောင် စီစဉ်ရန် မလွယ်ပါ။ ဥပမာအားဖြင့် ထရန်စဖော်မာ တစ်လုံးတည်းမှပြိုင်တူ ဓာတ်အားသုံးနေသူ နှစ်ဦးအနက် တစ်ဦးက ၎င်း၏စက်ရုံတွင် တရုတ်နိုင်ငံလုပ်မော်တာများ အသုံးပြုထား သဖြင့် (၃၈၀) ဗို့ထက် ဗို့အားပိုမတက်စေရန် တောင်းဆိုပြီး အခြားတစ်ဦးဦး က ၎င်း၏ စက်ရုံတွင် ဥရောပလုပ်(၄၄၀)ဗို့ မော်တာများ အသုံးပြုထား၍ အနည်းဆုံး (၄၂၀)ဗို့ ရရှိအောင် ပြုလုပ်ပေးရန် တောင်းဆိုပါလျှင် မြန်မာ့ လျှပ်စစ် ဓာတ်အားလုပ်ငန်းအနေဖြင့် ထိုဓာတ်အားသုံးစွဲသူ နှစ်ဦးစလုံးကို တစ်ပြိုင်နက် ပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အများပြည်သူဓာတ်အားသုံးစွဲရန်အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက သတ်မှတ်ပေးထားသော ဗို့အားမှာ သုံးသွင် (Three Phase)တွင် (၄၀၀)ဗို့ဖြစ်ပြီး၊ တစ်သွင် (Single Phase)တွင် (၂၃၀)ဗို့သာ ဖြစ်ပါသည်။ Frequency သည်လည်း 50 Hertz ဖြစ်ပါ သည်။မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက သတ်မှတ်ပေးထားသောဗို့အား၊ Frequency တို့နှင့်ကိုက်ညီသော လျှပ်စစ်ပစ္စည်းများကိုသာ ဓာတ်အား သုံးစွဲသူများက ဝယ်ယူသုံးစွဲသင့်ပေသည်။

ဗို့အားတည်ငြိမ်မှုနှင့် မီးသုံးစွဲမှုသဘာဝဆက်စပ်နေပုံ

အများပြည်သူသုံးဗို့အားကို အထက်ပါသတ်မှတ်ချက်အတွင်း ရောက်ရှိ စေရန် ထရန်စဖော်မာရှိ ဗို့အားညှိခလုတ် (Transformer Tapping) များကို ချိန်ညှိအသုံးပြုခြင်း၊ ဓာတ်ကြိုးအရွယ်အစား အကြီး/ အသေးလဲပေးခြင်း၊ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် ဗို့အားတည်ငြိမ်မှုကို အနှောင့်အယှက် ဖြစ်စေသော လျှပ်စစ်ဖြင့် ဂဟေဆက်ခြင်း(Electric Welding) လုပ်ငန်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

❍ စာမျက်နှာ ၆ သတင်းဆောင်းပါးမှအဆက်

ဗို့အားသာမက Frequency ကိုပါ တည်ငြိမ်စွာထား၍မရအောင် အကျိုးသက်ရောက်စေသော လျှပ်စစ်သုံး သံရည်ကျိုလုပ်ငန်းများ (Electric Arc Furnace)၊ ဗို့အားနှင့် Frequency ကို တိကျတည်ငြိမ်စွာ လိုအပ်သော Computer Center များ၊ Radar နှင့် Electronic Control စက်မှု လုပ်ငန်းများကိုလည်း ပြိုင်တူ ဓာတ်အားပေးထားရပါသည်။

ထို့ကြောင့် ဗို့အားနှင့် Frequency တည်ငြိမ်မှု ပျက်ပြားစေသော လျှပ်စစ်သုံးသံရည်ကျိုလုပ်ငန်း (Electric Arc Furnace) များကြောင့် ဓာတ်အားစနစ် တစ်ခုလုံးရှိ ပြည်သူလူထု အနှောင့်အယှက်မဖြစ်စေရန်၊ မီးများကို မှိတ်တုတ်မှိတ်တုတ်ဖြစ်မှုမှ ကာကွယ်ပေးသော ကိရိယာ (Anti-Flickering Device) နှင့် ဗို့အားကို တည်ငြိမ်စေသည့် ပစ္စည်း (Capacitor) များကို သံရည်ကျိုစက်ရုံကြီးများတွင် ၎င်းတို့ အစီအစဉ်ဖြင့် တပ်ဆင်အသုံးပြုရန် ညှိနှိုင်းရသကဲ့သို့ ဓာတ်အားတည်ငြိမ်စွာ အသုံးပြုလိုသူများကလည်း ဗို့အားကို တည်ငြိမ်စွာထုတ်ပေးပြီး ၁၀ မိနစ်ခန့် ဓာတ်အားပြတ်တောက်ခြင်းကို ခံနိုင်ရည်ရှိကြသော မီးပြတ်တောက်မှု ထိန်းထားပေးနိုင်သည့်ပစ္စည်း (Uninterruptible Power Supply-UPS) များကို မိမိ၏ အိမ်/စက်ရုံများ၌ တပ်ဆင်ထားကြရန်လိုအပ်သည်ဟု သိရပါသည်။

နောင်တွင် ဓာတ်အားဆက်သွယ် သုံးစွဲလိုသည့် လိုအပ်ချက်ကို ကြိုတင်ညှိနှိုင်းရန်

နိုင်ငံတော်အတွင်း စဉ်ဆက်မပြတ် ဓာတ်အားအပြည့်အဝ ပေးနိုင်ရေးအတွက် ဓာတ်အားပေးစက် တိုးချဲ့တည်ဆောက်ရန် လျာထားချက်သည် အများဆုံး ဓာတ်အားလိုအပ်ချက် ခန့်မှန်းမှုအပေါ်မူတည်ကြောင်းနှင့် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရသည့် ကာလမှာလည်း အချိန်ရေတွင်းတူး အချိန်ရေကြည်သောက် ချက်ချင်း ပြီးမြောက်နိုင်သည့်ကိစ္စ မဟုတ်သဖြင့် နိုင်ငံတော်ပိုင်ကဏ္ဍမှဖြစ်စေ၊ ပုဂ္ဂလိကပိုင်ကဏ္ဍမှဖြစ်စေ၊ ဓာတ်အားသုံးစွဲလိုသူအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ် အသီးသီးတို့က မည်သည့်နှစ်ကာလတွင် မည်သည့်နေရာဒေသ၌ ဓာတ်အား မည်မျှရယူသုံးစွဲလိုကြောင်း၊ ကြိုတင်အသိပေး ညှိနှိုင်းကြရန် လိုအပ်ပါသည်။ သို့မှသာ ဓာတ်အားလိုအပ်ချက် ခန့်မှန်းမှုသည် ပကတိ လိုအပ်ချက်နှင့် အနီးစပ်ဆုံးရနိုင်မည်ဟု ဆိုပါသည်။

လျှပ်စစ်ဥပဒေ

လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲကြရာတွင် သုံးစွဲသူများအနေဖြင့် လိုက်နာရမည့်တာဝန်နှင့် ရှောင်ရန်တားမြစ်ချက်များကို မလိုက်နာကြခြင်းကြောင့် နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများရှိပါက လျှပ်စစ်ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ရာ လျှပ်စစ်ဥပဒေပုဒ်မ အချို့ကို ကောက်နုတ်ဖော်ပြအပ်ပါသည်-

ပုဒ်မ၃၀။ **မည်သူမဆို အောက်ပါတစ်ရပ်ရပ်ကိုပြုလုပ်လျှင် ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊တရားစွဲဆိုခြင်းခံရမည့်အပြင် ပျက်စီးဆုံးရှုံးသော လျှပ်စစ်ပစ္စည်းကိရိယာ၏ ကာလတန်ဖိုးသို့မဟုတ် ယင်းပြုလုပ်မှုကြောင့် ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှုအတွက် လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသည့် ငွေကြေးကို သက်ဆိုင်ရာ နိုင်ငံပိုင်အဖွဲ့အစည်းသို့ လျော်ကြေးအဖြစ် ပေးဆောင်ရမည် -**

(က) နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်း ကိရိယာများကို ဖျက်ဆီးခြင်း။

(ခ) နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်း ကိရိယာများကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ခွင့်ပြုချက် မရရှိဘဲအခြားပုဂ္ဂိုလ်တစ်ဦးဦးသို့လွှဲပြောင်းပေးခြင်း။

(ဂ) လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်း။

(ဃ)သက်ဆိုင်ရာနိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ခွင့်ပြုချက် မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ဆင့်ပွားဆက်သွယ် အသုံးပြုခြင်း။

(င) အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံး ပါဝါမီတာမှတစ်ဆင့်သုံးခွင့်မရှိသောစီးပွားရေးလုပ်ငန်း အတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း။

(စ) စက်မှုလက်မှုသုံး ပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍လျှပ်စစ်ဓာတ်အားရယူသုံးစွဲခြင်း။

ပုဒ်မ၃၁။ **(က) ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)နှင့်ပုဒ်မ ၃၀ တို့အရ တောင်းခံသည့် လျော်ကြေးငွေများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရတောင်းခံရမည်။**

(ခ) ပုဒ်မခွဲ (က)ပါကိစ္စ အလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိရမည်။

နိုင်ငံတစ်ဝန်းလုံးတွင် လောလောဆယ် ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုပေါင်း ၁ဒသမ၆သန်းကျော် ရှိကြောင်းသိရသည်။ ယခုအခါ မြန်မာနိုင်ငံတွင်လည်း ရေနံဆီမီးဖိုများ အသုံးမပြုကြတော့ဘဲ လျှပ်စစ်မီးဖိုများ တွင်ကျယ်စွာ အသုံးပြုလာကြပါသည်။ လျှပ်စစ်မီးဖိုများသည် သာမန်အားဖြင့် ဝပ် ၁၂၀၀ ရှိပါသည်။ ဓာတ်အားစနစ်တွင် ဝန်အားအများဆုံး အသုံးပြုချိန်သည် နံနက်အိပ်ရာထချိန်မှ အလုပ်မသွားမီ ချက်ပြုတ်ချိန်ဖြစ်ပြီး ညနေပိုင်းတွင်လည်း အလုပ်ဆင်းပြီး ညနေစာပြင်ဆင် ချက်ပြုတ်ချိန်ဖြစ်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးဖိုများ၏ အသုံးပြုဓာတ်အား ပမာဏမှာ သိသာပါသည်။ ဝပ် ၄၀ မီးလုံးထက် အဆ ၃၀များသည်ဟု ဆိုသည်။

ယခင်က ထမင်း၊ ဟင်းချက်ပြုတ်ရန်အတွက် ထင်း၊ မီးသွေးနှင့် ရေနံဆီမီးဖိုများကို အဓိကထား အသုံးပြုခဲ့သော်လည်း ယခုအခါ ဈေးလည်း သက်သာ၊ လွယ်လင့်တကူလည်းဖြစ်သည့် လျှပ်စစ်ကို အဓိကထား၍ ချက်ပြုတ်လာကြသည့်အတွက် ထိုအချိန်များသည် ဝန်အားပိုသည့်/ဝန်အားမနိုင်သည့် အချိန်များဖြစ်လာသည်ဟု ဆိုသည်။ ထမင်း၊ ဟင်းချက်ပြုတ်ရန်အတွက် ထင်းအစားထိုးလောင်စာတောင့်၊ ရေနံဆီနှင့် ဓာတ်ငွေ့ရည်သုံး မီးဖိုများစသည်ဖြင့် အစားထိုးနည်းလမ်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ဝန်အားမနိုင်နင်းမှုကို တစ်ဖက်တစ်လမ်းမှ ပြေလည်စေနိုင်မည်ဟု သိရသည်။

လျှပ်စစ်ဓာတ်အားတစ်ယူနစ်သည် နာရီဝပ်၁၀၀၀ဖြစ်သဖြင့် ဝပ် ၁၀၀ မီးလုံး၁၀နာရီထွန်းလျှင်သော်လည်းကောင်း၊ ဝပ်၄၀ မီးချောင်း ၂၅ နာရီ ထွန်းလျှင်သော်လည်းကောင်း၊ ၅ ဝပ် မီးလုံးနာရီ ၂၀၀ ထွန်းလျှင်သော်လည်းကောင်းလျှပ်စစ်မီတာတစ်ယူနစ်တက်မည်ဖြစ်ပါသည်။ကျန်အိမ်သုံးပစ္စည်း အသုံးပြုမှုများအတွက် အောက်ပါအတိုင်း ခန့်မှန်းနိုင်ပါသည်-

(က)တီဗွီ ၁၄လက်မရောင်စုံ	**၅၇ ဝပ်မှ ဝပ်၇၀**
(ခ) တီဗွီလက်မ၂၀မှ၂၁လက်မ	**ဝပ်၇၀-၉၉ ဝပ်-၁၂၅ဝပ်**
(ဂ) တီဗွီ ၂၆လက်မမှ ၃၂လက်မ	**ဝပ် ၁၆၀ မှ ဝပ်၂၁၀**
(ဃ)တီဗွီ ၁၄လက်မမှ ၁၈လက်မ (အဖြူအမည်း)	**ဝပ် ၃၀**
(င) ဗီဒီယို(အောက်စက်)	**၁၂ ဝပ်မှ ၃၂ ဝပ်**
(စ) ပန်ကာ	**ဝပ် ၂၀-ဝပ်၃၀-ဝပ်၅၀**
(ဆ)ရေခဲသေတ္တာ	**ဝပ် ၈၀ မှ ဝပ်၂၀၀**
(ဇ) ထမင်းချက်အိုး	**ဝပ် ၇၅၀မှ ဝပ်၁၀၀၀**
(ဈ) မီးဖို	**ဝပ် ၁၀၀၀ ဝပ်၁၂၀၀**
	ဝပ် ၁၆၀၀ ဝပ် ၂၀၀၀
(ည)မီးပူ	**ဝပ် ၇၅၀ မှ ဝပ်၁၀၀၀**
(ဋ)ကွန်ပျူတာ	**ဝပ် ၂၀၀ မှ ဝပ်၃၀၀**
(ဌ)အဝတ်လျှော်စက်	**ဝပ် ၃၀၀ မှ ဝပ်၅၀၀**

(ဍ)လေအေးစက်နှင့် အခြားစက်မှုသုံးများ

(၁) မြင်း ၁ကောင်	**၇၄၆ဝပ်**
(၂) မြင်း ၁ကောင်ခွဲ	**ဝပ်၁၁၉၀**
(၃) မြင်း ၂ကောင်	**၁၄၉၂ဝပ် တို့ဖြစ်သည်။**

မြန်မာနိုင်ငံ၌ ပြည်သူလူထု၏ လူနေမှုဘဝတွင် အထက်ဖော်ပြပါ လျှပ်စစ်ပစ္စည်းများ တစ်နေ့တခြား ပိုမိုသုံးစွဲလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အချိန်တိုအတွင်း အလွန်မြင့်မားလာပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရေအားလျှပ်စစ်မှလည်းကောင်း၊ သဘာဝဓာတ်ငွေ့မှလည်းကောင်း၊ ကျောက်မီးသွေးမှလည်းကောင်း အဓိကထား ထုတ်လုပ်သုံးစွဲလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဓာတ်အားထုတ်လုပ်ရာတွင် ဇီဝရုပ်ကြွင်းလောင်စာ (Fossil Fuel) များဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို တူးဖော်ထုတ်လုပ်ပြီး နှစ်ပေါင်းများစွာ အသုံးပြုလျက်ရှိရာ ထိုစွမ်းအင်အရင်းအမြစ်များသည် နှစ်ကာလ ကြာရှည်လာသည်နှင့်အမျှ ကုန်ခန်းလာမည်ဟု သိရသည်။

ထို့ကြောင့် **အနာဂတ်ကာလတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက် စိတ်ချရရေး (Energy Security) အတွက် မိမိနိုင်ငံတွင် ရရှိနိုင်မည့် အစားထိုးစွမ်းအင် (Alternative Energy)ကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လာပါသည်။** သို့ဖြစ်၍ အခြားသော စွမ်းအင်သစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြင့် ဓာတ်အားစနစ်မှ တိုက်ရိုက်ဆက်သွယ်၍ ဓာတ်အားမရရှိနိုင်သေးသော ဒေသများတွင် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အစားထိုးစွမ်းအင် (Alternative Energy) ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များနှင့် ဒေသခံပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုး၍ အလားတူ အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဆက်လက်တင်ပြသွားပါမည်။ ။

မြေပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများနှင့်အတူ ဦးကျော်လှ၊ အမှတ်(၄၀)၊ ၃၁လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၃၇၃၊ ၂၄၈၂၂၇ တို့သို့ ဧပြီ ၂၇ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြပါရန်၊ အသင်းသူအသင်းသားများ၊ အသင်းဝင်လိုသူများနှင့် မြို့နယ်သူ/မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကိုလည်း တစ်ပါတည်းလှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(သတင်းစဉ်)

မရမ်းကုန်းကျေးရွာ အထက်တန်းကျောင်းခွဲ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၂

သထုံမြို့နယ် မရမ်းကုန်းကျေးရွာ အထက်တန်းကျောင်းခွဲ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ရက်(ဧပြီ ၂၇ရက်)တနင်္ဂနွေနေ့ ည ၉နာရီတွင် အထက်ပါကျောင်းခွဲ မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အသေပြင်ဆင်ကြပါ" တရားတော် [ပြည်တွင်း၊ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)]
၈း၀၀ - ၂း၀၀	INDUSTRIAL TALK (ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)
၈း၃၅ - ၂း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀- ၃း၀၀	စိတ်အားထက်သန်ဆန္ဒအမှန်
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	Yangon Panorama
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	မုချမသွေသေစေနိုင်သော ခွေးရူးပြန်ရောဂါသတိပြု၍ကာကွယ်ပါ (ခွေးရူးပြန်ရောဂါကာကွယ်ဆေး) (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာသန်းစောစိုး)
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	Midweek Sports News
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	ACTIVITIES IN THE CITY
၁၁း၁၀ - ၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ကွေကာအုပ်ဆန္ဒင်းမကင်း)
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	ခက်အောင်လုပ်နေသူများ
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	International Video Topics (ရေလွှဲလမ်းဥမင်တည်ဆောက်ခြင်း)
၁၂း၂၅ - ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀	ရွှေထီးတော်တင်အလှူမင်္ဂလာမှသည် အပယ်ခံရွာလေးရဲ့ အနာဂတ်လမ်းဆီသို့
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Barcelona-Man Utd	ESPN (Live)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မြင်းခြံခရိုင်၌ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၉ ရက်တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် တမိုက်သာရွာ ရတနာကန်ဦးကျောင်း၌ ရန်အောင်မြင်ကျောင်း ဆရာတော် ဘဒ္ဒန္တသောညာနနှင့် တမိုက်သာနယ်မြေရှိ သံဃာတော် ၃၄ ပါးတို့အား သက်န်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တမိုက်သာရွာရှိ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ ၃၆ ရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တောင်သာမြို့နယ် ဇဂျမ်းကျေးရွာ မင်းကျောင်းတိုက် မဟာမုနိ ရုပ်ရှင်တော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ပင့်သံဃာတော် အပါး ၃၀ တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ဇဂျမ်းကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း၌ ကျေးရွာ ၂၇ ရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးလက်နေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွဲကြိုးပမ်းကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ဆင်သေရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တအာစာရနှင့် ပင့်သံဃာတော်တို့အား ဖူးမြော်ကြည်ညို၍ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆင်သေရွာဦးကျောင်းဝင်းအတွင်း၌ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် တမိုက်သာကျေးရွာရှိ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(စက်မှု-၁)

စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ်(၄၀) သင်တန်းဆင်းအရာရှိများက သင်တန်းဆင်း (၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နေပြည်တော်ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၌ ရွှေသင်္ကန်း (၉)ချပ် ကပ်လှူပြီး နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိစမတောင် မဟာပရဟိတ မိဘမဲ့ကျောင်းအတွက် အလှူငွေကျပ် ၁၂၀၀၀၀ ကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ရပ်ကွက် မေတ္တာဝါဒီ ဟံသာတ (ပရဟိတ) ကျောင်းတိုက်ရှိ မိဘမဲ့ကလေးများ ရှင်ပြုရန်အတွက် ဖခင်ကြီး ဦးဘဆိုင်(တိုင်းရဲမင်းကြီး၊ ငြိမ်း)အား ရည်စူး၍ ရန်ကင်းမြို့နယ် တိုက် ၄၀၊ အခန်း(၂)နေ မိခင်ကြီး ဒေါ်လှဘီ၊ သားဗိုလ်မှူးဝင်းဌေး-ဒေါ်လီလီစိုး၊ သားငယ် မောင်နေဝင်း-မမာမာသိန်း၊ သမီး မမြင့်မြင့်စိုး၊ ဒေါက်တာ မြင့်မြင့်ငြိမ်း မိသားစုတို့က အလှူငွေ ကျပ်နှစ်သိန်းကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သီလာနန္ဒထံ လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်စီးပွားရေးလမ်းညွှန် (၂၀၀၈) စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်စီးပွားရေးလမ်းညွှန်(Yangon Business Directory) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။**(အောက်ပုံ)**



ယင်းစာအုပ်တွင် ရန်ကုန်အပါအဝင် နေပြည်တော် ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ အောင်လံ၊ ပဲခူး၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ ပုသိမ်၊ မအူပင်မြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များ အပါအဝင် မြန်မာပြည်(အောက်ပိုင်း) မြို့ပေါင်း ၂၉ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစား ခေါင်းစဉ် ၈၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၈၀၀၀၀ ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

ဆက်သွယ်ဝယ်ယူနိုင်

ရန်ကုန်စီးပွားရေးလမ်းညွှန်ကို အမှတ်-၁၄၅၊ ၃၆လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၉၅၊ ၂၅၀၁၂၁ နှင့် အမှတ်-၄/၆၊ ၂၄-၂၅လမ်းကြား၊ ၆၂-၆၃ လမ်းကြား၊ မြစန္ဒာလမ်းသွယ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊၃၈၂၂၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်း နှစ်ရက်နေ့က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း (ရန်ကုန်) ရတနာပုံခန်းမ၌ ကျင်းပသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲတွင် မန္တလေးအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးမြသောင်းနှင့် အမှုဆောင်များ၊ အသင်းဝင်များ တရားနာယူကြစဉ်။

(က-ပ)

ခရမ်းမြို့နယ် မစိုးရိမ်တံတားအမှတ်(၁)အတွက် စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျုံမရေကျေးရွာရှိ သက်တမ်း ၁၅နှစ်ကျော်ပြီဖြစ်သော ၁၈၂ ပေရှိ သစ်သားတံတားကြီးနေရာတွင် ကျပ်သိန်း ၃၀၀ ခန့် ကုန်ကျမည့် သံကူကွန်ကရစ်တံတားကြီးကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ် မဟာနာယက၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ ဦးဆောင်၍ အလှူရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်းပြီး မစိုးရိမ်တံတားအမှတ်(၁)ကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းလိုပါက သာသနဇောတိက မစိုးရိမ်တိုက်သစ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ခရမ်းမြို့နယ် ဖုန်း-၀၁-၃၉၀၀၇၁၊ ဒေါ်တင်တင်ခိုင် ၂၄-လမ်း၊ ၁၂၉(ပ)ထပ်၊ လသာမြို့နယ် ဖုန်း-၀၁-၃၈၄၆၁၈၊ ၀၉၈၀ ၃၀၁၉၆၊ ဦးခင်ဝေ စမ်းချောင်းမြသိန်းတန်အောင်ဓမ္မာရုံ စမ်းချောင်းမြို့နယ် ဖုန်း-၀၉ ၅၁၄၃၆၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မအူပင်မြို့နှင့် ကျိုက်လတ်မြို့တို့၌ လမ်းဖွင့်ပွဲများ တက်ရောက်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ၂၀ရက်တွင် မအူပင်မြို့ မြသီရိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကျိုက်လတ်မြို့ ဦးပြုံးချိုလမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲများသို့ တက်ရောက်သည်။

မြသီရိလမ်းမှာ အရှည်ပေ ၂၁၄၀၊ အကျယ် ၁၂ ပေရှိပြီး လမ်းပြီးစီးသွားသဖြင့် မအူပင်မြို့တွင်းသို့အနီးဆုံး လွယ်ကူစွာ ဝင်ရောက်နိုင်ကာ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သွားလာရေးအဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရှိရသည်။

ဦးပြုံးချိုလမ်းသစ်မှာ အရှည်ပေ ၃၂၅၀၊ အကျယ် ၁၂ ပေရှိပြီး လမ်းပြီးစီးသွားသဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင်ပြေ ချောမွေ့မည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မအူပင်မြို့ တိုးချွေဝါခန်းမ၌ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအားလည်းကောင်း၊ ကျိုက်လတ်မြို့ ရွှေဇရာအောင်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအားလည်းကောင်း၊ ကန်ကြီးဒေါင့်မြို့ ဧရာသီရိသုခခန်းမ၊ ကျောင်းကုန်းမြို့ အားကစားခန်းမ၊ ဘိုကလေးမြို့ ပညာရေးကောလိပ် ခန်းမတို့၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကားဥယျာဉ်လမ်း၌ ရဟန်းရှင်လူ ပြည်သူများ ကြည်ညိုသဒ္ဒါပွားများနိုင်စေရန် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သိကြားမင်းစမဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူ စေတီတော်များ ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားတို့ကို ဧပြီ ၂၀ ရက်တွင် အဆိုပါစေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ကျင်းပရာ ရှေးဦးစွာ မှော်ဘီမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး စေတီတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ဖွန်းလေးဘုံ၊ ဆပ်သွားဖူးတော်၊ ပင်မရွှေထီးတော်နှင့် သိကြားမင်းစမဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များ၏ ထီးတော်များကို ရာဇာဝင်း၊ ဒေဝါဝင်းခင်း၍ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည် ပူဇော်ကြပြီး မဟာမင်္ဂလာ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကာ မင်္ဂလာအချိန်တွင် ဆရာတော် ဘဒ္ဒန္တဂန္ဓသာရ အမှူးပြုသော သံဃာတော်များနှင့် အလှူရှင်များက တပ်မတော်(လေ) မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်ယာဉ်ဖြင့် တင်လှူပူဇော်ကြသည်။

ယင်းနောက် နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီးအား ဆရာတော်ဘဒ္ဒန္တဂန္ဓသာရ အမှူးပြုသော ပင့်သံဃာတော် (၁၀၈)ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး မှော်ဘီမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ်ရှိ နတ်မတောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ ခြေလျင်နှင့် တောင်တက်အားကစား တိုးတက်ဖွံ့ဖြိုးစေရေးအတွက် လေ့ကျင့်မှုတစ်ရပ်အနေဖြင့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်ရှိ ခေါ်နူးစုန်(ခ)နတ်မတောင် အမြင့်ပေ ၁၀၃၀၀ သို့ အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သော တောင်တက်အဖွဲ့ဝင်များသည် ဧပြီ ၁၅ရက်တွင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။ တောင်တက်အဖွဲ့ဝင်များသည် မင်းတပ်မြို့မှတောင်ထိပ်အထိ အသွားအပြန်လေးရက်ခရီးစဉ်ကို ခြေလျင်ခရီးဆက်ခဲ့ရသည်။ တောင်တက်အဖွဲ့တွင် အမျိုးသား ၇၀ နှင့် အမျိုးသမီး ၃၉ ဦး ပါဝင်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် မန္တလေးဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်နှင့် မန္တလေး)၊ မန္တလေး သူနာပြုတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၊ သစ်တောတက္ကသိုလ်(ရေဆင်း)၊ စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်/မန္တလေး အဝေးသင်တက္ကသိုလ်များနှင့် အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ကြွစွာပါဝင်ခဲ့ကြသည်။ တောင်တက်အဖွဲ့ချုပ်သည် ယခုနှစ် ဆောင်းရာသီတွင် ပေ(၁၅၀၀၀)ခန့်ရှိရေခဲတောင်အသစ်(ခေါတကောရေခဲတောင်)ကို အောင်မြင်စွာ တက်ရောက်နိုင်ရေးအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိရာ ရှမ်းရိုးမတောင်တန်းများနှင့် ပုပ္ပားတောင်မကြီးများသို့ ခရီးရှည်လမ်းလျှောက်တောင်တက်ခြင်းများကို ဆက်လက် လှုပ်ရှားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်ပြုမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၂

ထေရဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးကို ရည်ရွယ်၍ သန့်-တည်-ပွား ယောဂီများနှင့် အိမ်မဲမြို့နေ ဦးအီရုံး-ဒေါ်စန်းမြင့်၊ ဦးသိန်းလွင်-ဒေါ်ကျင်စွမ်း မိသားစုတို့က အလှူတော်မင်္ဂလာဖြစ်မြောက်ရေး စတင်မတည်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအဖွဲ့(သန့်-တည်-ပွား)မှ ကြီးမှူးကျင်းပမည့် မြတ်ဗုဒ္ဓအလိုတော်ကျ ရှင်ပြုမင်္ဂလာအခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ(၅)ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံတွင် မေ ၁ ရက်မှ ၁၀ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

ကိုရင်နှင့် သီလရှင်အပါး ၄၀ စီလက်ခံမည်ဖြစ်ရာ အသက် ၁၃ နှစ်နှင့်အထက် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ကိုရင်၊ သီလရှင်ဝတ်လိုပါက သန့်-တည်-ပွား ရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃၊ ၀၁-၂၁၂၈၂၄ တို့သို့ ဧပြီ ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြေးမုံ The Mirror ထူးထူးခြားခြားကမ္ဘာ့အားကစားမှတ်တမ်းများ

ရေခဲပြင်ဂေါက်သီးရိုက်ပြိုင်ပွဲ

ဂေါက်သီးရိုက်ပြိုင်ပွဲဟုဆိုလျှင်ကမ္ဘာကျော်ဂေါက်သီးချန်ပီယံတိုက်ဂါးဝုဒ်ကို သတိရကြမည်ဖြစ်သည်။ ထို့အတူ ညီညာပြန့်ပြူးသော မြက်ခင်းစိမ်းစိမ်းပေါ်၌ လိမ့်သွားနေသည့် ဂေါက်သီး ဘောလုံးဖြူဖြူလေးကို မြင်တွေ့ကြရမည်သာဖြစ်ပါသည်။ ယခုမူ ဂေါက်သီးပြိုင်ပွဲကို မြက်ခင်းစိမ်းစိမ်းပေါ်တွင် မကျင်းပဘဲ ရေခဲပြင်ပေါ်၌ ကျင်းပသည်မှာ အဆန်းတကြယ်ဖြစ်နေသည်။ ပထမအကြိမ် ကမ္ဘာ့ရေခဲပြင်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဂရင်းလန်ကျွန်းတွင် ၁၉၉၉ခုနှစ်က ကျင်းပခဲ့သည်။ အဆိုပါ ရေခဲပြင်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဒိန်းမတ်မှ အန်နီခါအော့ဘာဂ် **(ဝဲပုံ)**က ၂၀၀၀နှင့် ၂၀၀၁ခုနှစ်၌ ဗိုလ်စွဲပြီး ယူကေမှ ရိဂျာဘီးမက်စ်က ၂၀၀၂နှင့် ၂၀၀၃ ခုနှစ်၌ ဗိုလ်စွဲခဲ့သည်။

အသက်အငယ်ဆုံး ကမ္ဘာ့အမျိုးသမီးဒိုင်ဗင်ချန်ပီယံ

သြစတြေးလျနိုင်ငံ ပတ်သ်မြို့၌ ၁၉၉၁ခုနှစ်၊ ဇန်နဝါရီ ၄ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့အမျိုးသမီး ဒိုင်ဗင်ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဖူမင်းရှားက အနိုင်ရဗိုလ်စွဲခဲ့သည်။ **(ယာပုံ)** ထိုအချိန်က ဖူမင်းရှား၏ အသက်မှာ (၁၉၇၈ ခုနှစ် ဩဂုတ် ၁၆ ရက် မွေးဖွား) ၁၂နှစ်နှင့် ၁၄၁ရက်ဖြစ်ရာ အသက်အငယ်ဆုံး ကမ္ဘာ့ဒိုင်ဗင်ချန်ပီယံအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

ရေခဲပြင် ဟော်ကီပြိုင်ပွဲဝင် အရပ်အပုဆုံးနှင့် အရှည်ဆုံး

အမေရိကန် ရေခဲပြင်ဟော်ကီလိဂ်ပြိုင်ပွဲဝင် အားကစားသမားများအနက် New Jersey Devils အသင်းမှ ရှေ့တန်းကစားသမား ဘရိုင်ယန်ဂျီယွန်တာသည် အရပ် ၁၃၃သမ၇ မီတာ (၅ပေ ၇လက်မ) ဖြင့် အရပ်အပုဆုံးပြိုင်ပွဲဝင်ဖြစ်ပြီး အရပ်အမြင့်ဆုံးအားကစားသမားမှာ Boston Bruins အသင်းမှနောက်တန်းလူ ချက်လူမျိုး စီနိုချာရာ ၂၁၃သမ၀၅မီတာ(၆ပေ၊၉လက်မ) ဖြစ်သည်။ ဝဲပုံတွင် ၎င်းတို့နှစ်ဦးကို ယှဉ်တွဲဖော်ပြထားသည်။

နှစ် ၂၀ ကြာ စံချိန်တင်ထားသူ

၁၉၈၈ခုနှစ် စက်တင်ဘာ၂၉ရက်က ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ဆိုးလ်အိုလံပစ် အားကစားပြိုင်ပွဲ အမျိုးသမီးမီတာ ၂၀၀ပြေးပွဲတွင် အမေရိကန်မှ ဖလောရင့်ဖရပ်ဖစ်ဂျိုင်နာ **(ယာပုံ)** သည် ၂၁၃သမ၃၄စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ရာ အဆိုပါ စံချိန်မှာ ယနေ့နှစ်၂၀ကာလကြာသည်အထိ စံချိန်ချိုးနိုင်သူမရှိသေးဘဲစံချိန်သစ်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	နှောင်းခေတ်တေးပဒေသာ
၈း၀၀	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၂၀	၆။	ဘော်ဘင်ရေလျှောင်တမံ
၈း၃၀	၇။	International News
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၅	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၅း၀၀	၄။	မိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀	၅။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀	၆။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၀	၈။	မိုးလဝသအခြေအနေ
၆း၁၅	၉။	မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၇း၀၀	၁၀။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၀	၁၁။	"စိတ်အားထက်သန်ဆန္ဒအမှန်"
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	"ခက်အောင်လုပ်နေသူများ"
	၁၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "စတုတ္ထမြောက်ရင်ခုန်သံ" (လူမင်း၊မျိုးစန္ဒီကျော်၊ဆုရွှန်းလဲ့၊မေထွဋ်ခေါင်) (ဒါရိုက်တာ-မျိုးထူး)**
	၁၇။	အစီအစဉ်ပြီး၏။

ယနေ့မိုးလေဝသ

(၂၃-၄-၂၀၀၈)

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ယီမင်နိုင်ငံကမ်းခြေ လုံခြုံရေးအတွက် ကမ်းခြေတွင် ကင်းလှည့်နေသည့်ရေယာဉ်တစ်စင်းကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သင်္ဘောကျင်း ပြန်လည်ပြုပြင်တည်ဆောက်ရေး ဘရာဇီးနှင့်စင်ကာပူ သဘောတူညီချက်ရရှိ

ရီယိုဒီဂျနေရိုး ဧပြီ ၂၁

ဘရာဇီးနိုင်ငံမှ မက်လာရန်သင်္ဘောကျင်းနှင့် စင်ကာပူမှ ဂျူရွန်သင်္ဘောကျင်းတို့ နည်းပညာ ဖလှယ်ရေးကို သဘောတူညီမှု ရရှိခဲ့ကြသည်။ အဆိုပါ ပူးပေါင်းဖလှယ်ရေး နည်းပညာဖြင့် သင်္ဘောကျင်းကို ပြန်လည်ပြုပြင်တည်ဆောက်မည် ဖြစ်သည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့အနီးရှိ ဂူအန်ယာဘာရာ ပင်လယ်အော်တွင်ရှိသည့် ရေလုံသင်္ဘောကျင်းကို မက်လာရန်ကုမ္ပဏီကတည်ဆောက်ပြီး စင်ကာပူနိုင်ငံ ဂျူရွန်ကုမ္ပဏီမှ ပစ္စည်းများကို အဆိုပါ သင်္ဘောကျင်း၌သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်းသဘောတူညီချက်အရ ဖော်ပြထားသည်။

ရေလုံသင်္ဘောကျင်းတည်ဆောက်မှု၏စံနှုန်းသည် မီတာ ၇၀ အကျယ် အဝန်းအစား မီတာ ၁၃၀ အကျယ်အဝန်းဖြင့်တည်ဆောက်မည်ဖြစ်သည်။ သင်္ဘောကျင်း ပိုမိုကျယ်ဝန်းလာသည့်အတွက် သင်္ဘောကြီးများ ပြုပြင်ရာတွင် အဆင်ပြေချောမွေ့မှုရှိလာမည်ဖြစ်သည်။

ထိုသင်္ဘောကျင်း တည်ဆောက်မှုမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၂၅သန်း ကုန်ကျမည်ဖြစ်ပြီး ၁၅လတာ ကာလအတွင်း အပြီးတည်ဆောက်သွားမည်ဟုမျှော်မှန်းထားသည်။

ရေလုံသင်္ဘောကျင်းပြန်လည်ပြုပြင်ရာ၌ ဘရာဇီးကုမ္ပဏီကိုဂျူရွန်ကုမ္ပဏီက အဆင့်မြင့်နည်းပညာနှင့်သင်တန်းများ ပေးသွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

၁၂ ကြိမ်မြောက် အန့်တက်ညီလာခံ ဂါနာနိုင်ငံ၌ ကျင်းပ

အက်ကရာ ဧပြီ ၂၁

(၁၂)ကြိမ်မြောက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (အန့်တက်)ကို ဂါနာနိုင်ငံအက်ကရာမြို့၌ တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။

အန့်တက်အထွေထွေအတွင်းရေးမှူး ဆူပါချိုင်းပါနစ်ပတ်ဒီကကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ညီလာခံကိုဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိကျင်းပမည်ဖြစ်ပြီး တက်ရောက်လာသော ကိုယ်စားလှယ်များသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကူအညီပေးရေးနှင့် ကမ္ဘာ့စီးပွားရေး ပြောင်းလဲခြင်းတို့အား လေ့လာသုံးသပ်ကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်အာဖရိကဆိုင်ရာ အီတလီသံအမတ်ကြီး မော်တော်ယာဉ် မတော်တဆဖြစ်ပြီး သေဆုံး

ဂျိုဟန်နက်စဘတ် ဧပြီ ၂၁

တောင်အာဖရိကနိုင်ငံဆိုင်ရာအီတလီသံအမတ်ကြီးအလက်ဆန်ဒရိုစီဘက်စီသည် တောင်အာဖရိကနိုင်ငံ ပင်ပိုပိုပြည်နယ်တွင် သေဆုံးသွားခဲ့ကြောင်း တောင်အာဖရိကမီဒီယာက ဖော်ပြသည်။

စီဘက်စီသည် အမိုးဖွင့် မော်တော်ယာဉ်ဖြင့် စနေနေ့စောစောပိုင်းက အမဲလိုက်ထွက်ခဲ့သည့်အုပ်စုတွင်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်ဟု တောင်အာဖရိကသတင်းဌာနကပင်ပိုပိုရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

စီဘက်စီစီးနင်းလာသည့်မော်တော်ယာဉ်သည် လမ်းပေါ်သို့တက်ရောက်လာသည့် အာဖရိကသားကောင်ကြီးတစ်ကောင်နှင့်တွေ့ဆုံကာ ရင်ဆိုင်တိုက်မိမှုမရှိစေရန် မော်တော်ယာဉ်ကို ရှောင်တိမ်းလိုက်ရာမှ တိမ်းမှောက်ခဲ့ပြီး အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟုရဲတပ်ဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ရွှန်နယ်အော့တို့က ပြောကြားသည်။ ရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်အပေါ် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။**အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ချင်ဂိုနှင့် နင်ဒီမြို့များအနီးကမ်းခြေဒေသတွင် သောင်တင် သေဆုံးနေသော အလျား ခုနစ်မီတာနီးပါးရှိသည့်ဝေလငါးတစ်ကောင်ကို ဧပြီ ၂၀ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချက်နိုင်ငံတွင် တည်ဆောက်မည့် အမေရိကန်ရေဒါစခန်းစီမံကိန်း မကျေနပ်၍ ၂၀၀၀ခန့် မိုးထဲရေထဲ၌ ကန့်ကွက်ဆန္ဒပြ

ပရာဟာ ဧပြီ ၂၁

ချက်နိုင်ငံ မီဆော့မြို့အနီး အမေရိကန်ရေဒါ အခြေစိုက်စခန်း ထားရှိရေးစီမံကိန်းကို လူ ၂၀၀၀ ခန့်က မကျေနပ်ကြသဖြင့် ဆန္ဒပြခဲ့ကြကြောင်း ဒေသခံမီဒီယာ သတင်းအရ သိရှိရသည်။

ကန့်ကွက်ဆန္ဒပြသူများသည်ဘတ်စ်ကားအစီး ၂၀နှင့် ရာပေါင်းများစွာရှိမော်တော်ယာဉ်များကို စီးနင်းလာပြီး မိုးထဲရေထဲတွင် နဖူးစည်း စာတန်းများနှင့် အလံများ သယ်ဆောင်ကြသည်။ ဆန္ဒပြသူများက ရေဒါစခန်း တည်ဆောက်မည့် သစ်တောအတွင်းရှိ စစ်ဘက်ဆိုင်ရာ နယ်မြေနယ်စပ် တစ်ကီလိုမီတာအကွာအထိ ချီတက်လာကြသည်။

ဆန္ဒပြသူများက မူလကစီစဉ်ထားသည့်အတိုင်း ရေဒါဆောက်မည့်နေရာသို့သတ်သတ်မှတ်မှတ်ချီတက်လာရန်ဖြစ်သော်လည်း စစ်ဘက်က ယင်းအစီအစဉ်ကိုတားမြစ်ခဲ့သည်။ စစ်နယ်မြေတွင် နိုင်ငံရေးအရ ဆန္ဒပြမှုများပြုလုပ်ရန် ဥပဒေကခွင့်မပြုဟုဆိုသည်။

ဆန္ဒပြသူများက ရေဒါစခန်း မဆောက်လုပ်ရန်နှင့် ယင်းကိစ္စနှင့်ပတ်သက်၍ လူထုဆန္ဒခံယူပွဲ ပြုလုပ်ရန်တိုက်တွန်းကြသည်။

ချက်လူမျိုးအများစုက ရေဒါအခြေစိုက်စခန်း တည်ဆောက်မှုကိုဆန့်ကျင်ကြသည်ဟု မကြာမီက ကောက်ယူသည့်လူထုစစ်တမ်းအရ သိရှိရသည်။ ယင်းစခန်းကို ပရာဟာမြို့မှကီလိုမီတာ ၉၀အကွာရှိ ဘာဒီစစ်ဘက် နယ်မြေတွင် တည်ဆောက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မူရှာရက်ဖ်နှင့်ထိပ်တိုက်ရင်ဆိုင်ရန် အင်အားမရှိဟု ဇာဒါရီပြောကြား

အစ္စလာမ္မာဘတ် ဧပြီ ၂၁

လုပ်ကြံခံရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၏ ခင်ပွန်းဖြစ်သူက ၎င်းသည် သမ္မတပါဗက်မူရှာရက်ဖ်အား ထိပ်တိုက်ရင်ဆိုင်ရန် အင်အားမရှိကြောင်း ပြောကြားလိုက်သည်။ ၎င်း၏ပါတီသည် လက်ရှိပါကစ္စတန် ညွန့်ပေါင်းအစိုးရအား ဦးဆောင်လျက်ရှိသည်။

ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းခြင်းကို စနေနေ့နှောင်းပိုင်းကလွှင့်ထုတ်ရာတွင် သမ္မတ၊ ပါလီမန်နှင့်အစိုးရတို့အကြား ဆက်သွယ်မှုကို ပြောင်းပြန်လှန်ရန် ၎င်းတွင် အင်အားမရှိကြောင်း အဆစ်အလီဇာဒါရီက ပြောကြားသည်။

ဇာဒါရီသည်ဝန်ကြီးချုပ်ဟောင်းနာဝပ်စ်ရှရစ်ဖ်၏ပါတီနှင့်မဟာမိတ်ဖွဲ့ထားသည်။ ရှရစ်ဖ်သည် ၁၉၉၉ခုနှစ် အာဏာသိမ်းစဉ်က ဖယ်ရှားခံခဲ့ရသူဖြစ်ပြီး မူရှရစ်ဖ်အား ဖယ်ရှားရန် ဆုံးဖြတ်ထားသည်။ မူရှာရက်ဖ်နှင့်အစိုးရသစ်တို့အကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုသည် နျူကလီးယား လက်နက်ပိုင်ရှင် ပါကစ္စတန်နိုင်ငံအား မတည်မငြိမ်ဖြစ်မှုကို သက်ဆိုးရှည်စေမည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန်နိုင်ငံကကျင့်သုံးမည့်လူဝင်မှုကြီးကြပ်ရေးမူဝါဒနှင့် ပတ်သက်၍ လန်ဒန်မြို့ရောက် နိုင်ငံခြားသားများ ဆန္ဒပြနေကြသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားဆိုင်ရာ အမေရိကန်နှင့်ဗြိတိန်တို့၏ စွပ်စွဲချက် အခြေအမြစ်မရှိဟု အီရန်အစိုးရပြောကြား

တီဟီရန် ဧပြီ ၂၁

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များကို ထုတ်လုပ်လျက်ရှိကောင်းရှိနေလိမ့်မည်ဟု အမေရိကန်နှင့် ဗြိတိသျှခေါင်းဆောင်များ၏ စွပ်စွဲပြောကြားချက်ကို အီရန်အစိုးရက တနင်္ဂနွေနေ့တွင် ငြင်းဆိုလိုက်သည်။

အီရန်နိုင်ငံသည် နျူးကလီးယားနှင့် စပ်လျဉ်းသော ဆောင်ရွက်မှုများကို လျှို့ဝှက်ထားခြင်း မရှိကြောင်း၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ ကွပ်ကဲမှုအောက်တွင် အစီအစဉ်တစ်ခုလုံးကို ထားရှိကြောင်း အီရန်နိုင်ငံခြားဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အလီဟူစိန်နီကတစ်ပတ်တစ်ကြိမ်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသွားသည်။ မကြာသေးမီကအမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းတို့၏ အီရန်နျူးကလီးယား အစီအစဉ်အပေါ် စွပ်စွဲ ပြောကြားချက်များသည် အခြေအမြစ်မရှိဟု ၎င်းကပြောကြားသည်။

အမေရိကန်သမ္မတအိမ်ဖြူတော်၌ ကျင်းပသော ဆွေးနွေးပွဲအပြီး ဘုရှ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အီရန်အပေါ် ခိုင်ခိုင်မာမာ အရေးယူရန် ဗြိတိန်ဝန်ကြီးချုပ်က တောင်းဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နိုင်ငံတကာသတင်းများ

အစ္စရေးနှင့် သဘောတူညီချက်မရသေးမီ လူထုဆန္ဒခံယူပွဲ ကျင်းပမည်ဟု ပါလက်စတိုင်းသမ္မတ ပြောကြား

ကျူးနစ် ဇွန် ၂၂

အစ္စရေးနှင့် မည်သည့်ငြိမ်းချမ်းရေး သဘောတူညီချက်မှမရသေးမီ လူထုသဘောထားဆန္ဒခံယူပွဲ ပြုလုပ်မည်ဟု တူနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသည့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တနင်္ဂနွေနေ့တွင် ကတိပေးလိုက်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးညှိနှိုင်းရေးအဖွဲ့အတွင်း ရရှိမည့် မည်သည့်သဘောတူညီချက်မျိုးကိုမဆို ပြည်သူလူထုထံချပြပြီး ဆန္ဒခံယူမည်ဟု အဘတ်စ်က သတင်းထောက်များသို့ ပြောကြားသည်။

ပါလက်စတိုင်းအတွင်း သဘောထားကွဲလွဲနေမှု အဆုံးသတ်စေမည့် အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ယီမင်ကဲ့သို့သော အခြားအုပ်စုများ၏ လက်တလောကြိုးပမ်းချက်ကို အဘတ်စ်က လက်ကမ်းကြိုဆိုလိုက်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးအကြား ငြိမ်းချမ်းရေးညှိနှိုင်းမှု ဖြစ်ထွန်းတိုးတက်မှုနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့နှင့် ဆွေးနွေးမည်ဟု အဘတ်စ်က ပြောကြားပြီး အစ္စရေးနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ယခုနှစ်ကုန်တွင် ရရှိနိုင်ဖွယ်ရှိသည်ဟု ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံမှ ရေတပ်နှင့် လေတပ် တပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်ရန် ဂျကာတာမြို့ လေဆိပ်တွင် စုဝေးရောက်ရှိကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

စားနပ်ရိက္ခာဈေးနှုန်းမြင့်မားမှုကြောင့် လုံခြုံရေးနှင့် စီးပွားရေးထိခိုက်နိုင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ပြောကြား

အက္ကရာ ဇွန် ၂၂

စားနပ်ရိက္ခာ ဈေးနှုန်းမြင့်မားမှုအန္တရာယ်က ဆင်းရဲမွဲတေမှု လျော့ပါးစေရေးအတွက် ကြိုးပမ်းရာတွင် ရရှိနေသည့် အောင်မြင်ဖြစ်ထွန်းမှုများကို ပျက်စီးစေကြောင်း၊ ယင်းအခြေအနေကို ကိုင်တွယ်ဖြေရှင်းမှုမရှိဘဲ လွှတ်ပေးထားပါက ကမ္ဘာတစ်ဝန်း၏ လုံခြုံရေးကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ ဈေးနှုန်းမြင့်မားသည့်ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် မိမိကိုယ်တိုင် ဦးစီးဆောင်ရွက်ပြီး ကုလသမဂ္ဂကို အင်ပြည့်အားပြည့် အသုံးပြုသွားမည်ဟု ဂါနာနိုင်ငံ၌ ကျင်းပနေသည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံအဖွင့်မိန့်ခွန်းတွင် ဘန်ကီမွန်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ယင်းပြဿနာဖြေရှင်းရန်အတွက် ကျွမ်းကျင်သူများနှင့် ရှေ့ဆောင် အာဏာပိုင်များပါဝင်သည့် စွမ်းအားဖြင့် အထူးတပ်ဖွဲ့တစ်ဖွဲ့က ပြန်ထူထောင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စားနပ်ရိက္ခာဈေးနှုန်းမြင့်မားမှုကြောင့် ဝင်ငွေနည်းပါးသည့် နိုင်ငံများမှ လူဦးရေသန်း ၁၀၀ထက်မနည်း ဆင်းရဲတွင်း နက်နေရသည်ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်က သတိပေးပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ရွေးကောက်ပွဲ ရန်ပုံငွေရရှိမှု အိုဘားမားက ကလင်တန်ထက်များ

ဝါရှင်တန် ဇွန် ၂၂

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်သည် သမ္မတလောင်း မဲဆွယ်စည်းရုံးရေးကို ဧပြီလတွင် အကြွေးများနှင့် စတင်လိုက်ပြီး ရန်ပုံငွေ ရရှိရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းကြရာတွင် ပြိုင်ဘက် ဘာရက်အိုဘားမား၏ နောက်တွင် ရှိနေကြောင်း မဲဆွယ်ရေးလှုပ်ရှားမှု မှတ်တမ်းများအရ သိရသည်။

မတ်လတွင် ကလင်တန်က အမေရိကန် ဒေါ်လာ ၂၀ဒသမ ၉ သန်း ရန်ပုံငွေရရှိပြီး ဘာရက်အိုဘားမားက ၄၂ဒသမ၈သန်း ရရှိကြောင်း ရွေးကောက်ပွဲ ကော်မရှင်က တနင်္ဂနွေနေ့ နှောင်းပိုင်းတွင် မှတ်တမ်းတင်သည်။

ကလင်တန်၏ မဲဆွယ် စည်းရုံးရေးအဖွဲ့က ၁၀ ဒသမ ၃ သန်း ကြွေးတင်နေကြောင်း သတင်းပေးသည်။

ရီပတ်ဘလီကန်ပါတီ၏ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသူ အရီဇိုးနား အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းသည်လည်း မတ်လအတွင်းက ရန်ပုံငွေ ၁၅ဒသမ၄သန်း ရရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မြောက်ကိုရီးယားထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်ခတ်

အစ္စလာမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန်စစ်တပ်က တာဝေးပစ် မြောက်ကိုရီးယားထိပ်ဖူးတပ်ဆင်နိုင်သည့် တိုက်ချင်းပစ် ဒုံးကျည်တစ်စင်းကို တနင်္လာနေ့က စမ်းသပ်ပစ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားပြီး ယင်းစမ်းသပ်ပစ်ခတ်မှုသည် ရက်သတ္တပတ်နောက်ဆုံးရက်တွင် ဒုတိယအကြိမ်ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှု အခမ်းအနားအပြီးတွင် ယင်းသို့ စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ရှာဟင်း-၂ ဒုံးကျည်များတပ်ဆင်ထားသည့် မဟာဗျူဟာမြောက် ဒုံးကျည်အုပ်စုတွင် ယင်းတိုက်ချင်းပစ်ဒုံးကျည်ကို အဆင်သင့်ပစ်ခတ်အသုံးပြုနိုင်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းတိုက်ချင်းပစ်ဒုံးကျည်သည် ကီလိုမီတာ ၂၀၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်ပြီး သမားရိုးကျနှင့် မြောက်ကိုရီးယားထိပ်ဖူးနှစ်ခုစလုံး တပ်ဆင်ပစ်ခတ်နိုင်သည်ဟု ဆိုသည်။

မြောက်ကိုရီးယား လက်နက်ပိုင်ဆိုင်သည့် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် ၂၀၀၄ ခုနှစ်အစောပိုင်းတွင် ငြိမ်းချမ်းရေး သဘောတူညီချက် ပြုလုပ်ထားလင့်ကစား ပုံမှန်ဆိုသလို ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန်အာဏာရလေဘာပါတီအတွင်း အချင်းချင်းအငြင်းပွားမှုရပ်ဆိုင်းရန် သတိပေး

လန်ဒန် ဇွန် ၂၂

ဗြိတိန်နိုင်ငံ အာဏာရလေဘာပါတီအနေဖြင့် အချင်းချင်း တိုက်ခိုက်အငြင်းပွားမှု ရပ်ဆိုင်းကြရန်နှင့် ယင်းသို့မဟုတ်ပါက ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည့် အန္တရာယ်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၏ အရိုက်အရာကို ဆက်ခံနိုင်သည်ဟု ထင်ကြေး အပေးခံထားရသည့် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်မီလီဘင်က သတိပေးပြောကြားလိုက်သည်။

ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းသည် အခွန်ငွေနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကြောင့် အများ၏ ဝေဖန်တိုက်ခိုက်မှုခံရပြီး ယင်းပြဿနာကြောင့် လေဘာပါတီ၏ အမာခံမဲပေးသူများနှင့် ဖွဲ့စည်းထားသည့် ဗြိတိသျှလုပ်ခနည်း ဝန်ထမ်းအချို့အတွက် ထိခိုက်နစ်နာနေသည်။ ထို့ပြင် အကြမ်းဖက်သမားဟု သင်္ကာမကင်းဖြစ်သူများအား စွဲချက်တင်ခြင်းမရှိ ထိန်းသိမ်းထားနိုင်သည့်အချိန် တိုးမြှင့်မည့် အစီအစဉ်ကြောင့်လည်း ဘရောင်းမှာ ဝေဖန်ခံနေရသည်။

ဗြိတိန် အာဏာရလေဘာပါတီသည် ယခုအခါ နိုင်ငံရေးအရ အနိမ့်ခံပါတီဖြစ်နေပြီဟုလည်း မီလီဘင်က နယူးစ်အော့ဖ်သည်ဝါး သတင်းစာတွင် ရေးသားသည်။

မီလီဘင်က ဗြိတိန်ဝန်ကြီးချုပ်၏ အရည်အချင်းများကို ချီးကျူးပြောကြားသည်။ သို့ရာတွင် လေဘာပါတီအတွင်း အချင်းချင်းအငြင်းပွားနေကြပါက ရွေးကောက်ပွဲတွင် အရှုံးဖြင့် ရင်ဆိုင်ရမည်ဟု သတိပေးပြောကြားသည်။

လေဘာပါတီမှ နိုင်ငံရေးသမားများက ဘရောင်း၏ အခွန်ငွေဆိုင်ရာ ဆုံးဖြတ်ချက်အပေါ် မကျေမလည်ဖြစ်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

လူဝီစီးယားနားပြည်နယ် နယူးအော်လင်း၌ ကျင်းပမည့် မြောက်အမေရိက ခေါင်းဆောင်များ ဆွေးနွေးပွဲသို့တက်ရောက်လာသည့် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အား ကန့်ကွက်ဆန္ဒပြသူများကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနိုင်ငံအတွင်းသို့ ခိုးဝင်ရန်ကြိုးစားသူနှစ်ဦးအား အီဂျစ်ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီး၍ ဒဏ်ရာရရှိ

အစ္စမေးလီးယား(အီဂျစ်) ဇွန် ၂၂

အီဂျစ်သဲကန္တာရ နယ်စပ်မှတစ်ဆင့် အစ္စရေးနိုင်ငံအတွင်းသို့ ခိုးဝင်ရန်ကြိုးပမ်းသည့် မာလီနိုင်ငံသားတစ်ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦးအား အီဂျစ်ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အီဂျစ်-အစ္စရေးနယ်စပ်တွင် ရဲတပ်ဖွဲ့က အရှိန်မြှင့်ပြီး အကြမ်းဖက်နှိမ်နင်းမှုကြောင့် ရွှေ့ပြောင်းအလုပ်သမား ၁၁ ဦး နှစ်ဦးပိုင်းတွင် သေဆုံးခဲ့ကာ အာဖရိကဒေသမှ လူအများစု ဖမ်းဆီးခံခဲ့ကြရသည်။ ရဲတပ်ဖွဲ့က အီရီထရီးယန်း ရွှေ့ပြောင်းအလုပ်သမားတစ်ဦးကို နယ်စပ်တွင် ကြာသပတေးနေ့က ပစ်သတ်ခဲ့သည်။

အာဖရိကနိုင်ငံသားနှစ်ဦးက ရာဖာနယ်စပ်တစ်နေရာမှ အစ္စရေးနိုင်ငံအတွင်းသို့ ခိုးဝင်ရန် ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့က တားဆီးရာ အစ္စရေးနိုင်ငံအတွင်း ထွက်ပြေးသဖြင့် အီဂျစ်ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခဲ့ခြင်းဖြစ်သည်ဟု လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါဝင်ယှဉ်ပြိုင်

ပေကျင်းမြို့တွင် ကျင်းပသော အိုလံပစ် အားကစားပွဲတော် စည်းချက်ညီ ရေကူးသရုပ်ဖော်ပြိုင်ပွဲတွင် စပိန်အသင်း ပါဝင်ယှဉ်ပြိုင်နေသည်ကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ကျေးဇူးရှင်ဖခင် ပန်းတနော် ဦးအေးမောင်-မိခင် ဒေါ်ခင်စိန်တို့အားရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေး၊ မြစ်တစ်စုတို့က အလှူငွေ ကျပ်နှစ်သိန်းကို နာယကဆရာတော် မိုးညှင်းအရှင် ဣန္ဒက (ရွှေဘို)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၂၃၇)က ဦးဆောင်၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သာသနာပြု နယ်လှည့်ဓမ္မကထိက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်မှ အရှင်စန္ဒသာရ အရှင်သူမြတ်က ၁၃၇၀ ပြည့်နှစ် ကဆုန်လဆန်း ၇ ရက် (မေ ၁၁ ရက်)မှ ကဆုန်လဆန်း ၁၅ ရက် (မေ ၁၉ ရက်)အထိ ပဋိစ္စသမုပ္ပာဒ်တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ယောဂီများသည် ကဆုန် လဆန်း ၇ ရက် (မေ ၁၁ ရက်) တနင်္ဂနွေနေ့ ညနေ ၅ နာရီနောက်ဆုံးထား၍ မြောင်းတကာစံပြကျေးရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၂၃၇) တည်ရှိရာ သာသနဗိမာန်ဓမ္မာရုံကြီးသို့ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီတို့ ပူးပေါင်းကျင်းပသော (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ ရက်က စိန်ပန်းမြိုင်လမ်း တနင်္ဂနွေဆွမ်းပတ်မဟာသရဏဂုံဓမ္မဗိမာန်ဓမ္မာရုံ၌ကျင်းပရာ ပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဦးခင်ဝေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုး၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရဲဦးနှင့် အလှူရှင်များက အဘိုးအဘွား ၁၁၆ ဦးတို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၅၀၆)

အခြေခံ ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Basic Computer သင်တန်းအမှတ်စဉ် (၁/၂၀၀၈)ကို မေ ၃ရက်မှ စတင်၍ သုံးလကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ ၁၅ ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉ တွင် ရယူ၍ မေ ၂ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်း၌ ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များကို မေ ၃ရက်မှ ၁၀ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ မေ ၂ ရက် ညနေအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က-ပ)

ကြေးမုံ The Mirror မှုခင်းသတင်းများ

စမ်းချောင်းမြို့နယ် ဇေယျဝတီလမ်းတွင် တားထောက်လုယက်

ရန်ကုန် ဧပြီ ၂၂

စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဇေယျဝတီလမ်းနေ ဒေါ်လဲ့လဲ့ဝင်း (၃၃)နှစ်သည် ဧပြီ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က နေအိမ်၌ သားဖြစ်သူနှင့်အတူရှိနေစဉ် တံခါးလာခေါက်၍ ဖွင့်ကြည့်ရာ အမည်မသိ လူနှစ်ဦးက အရက်အလွန်အကျွံမူးယစ်နေသည့် ခင်ပွန်းဖြစ်သူ နေမင်းလတ်အား နှစ်ဖက်ညှပ်ထားပြီး နံကြားကို သစ်သားအရိုးတပ်ထားသည့်ဓားဖြင့် ထောက်ကာ ရှိတာအကုန်ထုတ်ပေးရန် ပြောကြားသဖြင့် ၎င်းက ကြောက်လန့်ပြီး တစ်ကွင်းလျှင် ငါးမူးသားခန့်ရှိ ရွှေလက်ကောက် နှစ်ကွင်း၊ ငါးမူးသားခန့်ရှိ ငါးရိုးပုံဆွဲကြိုးနှင့် ပတ္တမြားဆွဲသီးတစ်ခု စုစုပေါင်း ရွှေအလေးချိန် နှစ်ကျပ်သားခန့် ကာလတန်ဖိုး ၁၁၆၀၀၀၀ကျော်အား ပေးအပ်လိုက်သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်လဲ့လဲ့ဝင်းက စမ်းချောင်းရဲစခန်းသို့ ဧပြီ ၂၀ ရက်တွင် တိုင်ကြားခဲ့ရာ ရဲစခန်းက (ပ)သတင်းချက်အမှတ် ၁၂၅/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၆/၁၁၄ အရ အမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိသည်။ (သတင်းစဉ်)

တွံတေးတူးမြောင်းအတွင်း ဆားတင်ရေယာဉ်တစ်စင်း ကျောက်ဆောင်အစွန်းနှင့် တိုက်မိ၍ နစ်မြုပ်

ရန်ကုန် ဧပြီ ၂၂

ဆိပ်ကြီးခနောင်တိုမြို့နယ် တွံတေးတူးမြောင်း မိုင်တိုင်အမှတ်(၁) အနီးတွင် ဧပြီ ၂၀ ရက် သန်းခေါင်ကျော်ခန့်က ငပုတောမြို့နယ်မှ ရန်ကုန်မြို့သို့ ခုတ်မောင်းလာသော ရေယာဉ်မောင်း ဦးတင်ဝင်း (၆၃)နှစ် မဟာဒုတ် (၄) လမ်း၊ နယ်မြေ (၃)၊ မြောင်းမြမြို့မောင်းနှင်သည့် ရေယာဉ်အမှတ် (၆၆၁၈) ရတနာထွန်း တစ်ထပ်သင်္ဘောသည် တူးမြောင်း၌ ရေကျနေစဉ် တူးမြောင်းကမ်းနားဘေးမှ မောင်းနှင်ခဲ့ရာ ကျောက်ဆောင်အစွန်းနှင့် ဝမ်းဗိုက်တိုက်မိပြီး ရေဝင်နစ်မြုပ်ခဲ့သည်။ ရေယာဉ်၌ ဆားပိဿာချိန် ၄၀၀၀၀ ခန့် တင်ဆောင်ထားပြီး ရေယာဉ်လုပ်သားရှစ်ဦးပါရှိကာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ဆိပ်ကြီးခနောင်တို ရဲစခန်းက ရေယာဉ်မောင်း ဦးတင်ဝင်းအား (ပ)သတင်းချက်အမှတ် ၃၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၀ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၂၂

ရွှေတိဂုံဘုရားမြောက်ဘက်ရှိ ပခုက္ကူဓမ္မာရုံကြီး၌ (၂၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်းတွင် ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ ထို့အပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ထားသည့် လက်တွေ့ဝိပဿနာအထိုင်စခန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မတ်လအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှု (၁၆၂)ကြိမ် ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၁

၂၀၀၈ ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှု (၁၆၂)ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး (၁၃၄)ကြိမ်၊ အလိုအလျောက်မီး (၂)ကြိမ်၊ လျှပ်စစ်မီး (၁၂)ကြိမ်၊မသမာသူရှို့မီး (၉)ကြိမ်၊ တောမီး (၄)ကြိမ်၊ သောင်းကျန်းသူရှို့မီး (၁)ကြိမ် ပါဝင်သည်။

မီးလောင်မှုကြောင့် မီးဘေးဒုက္ခသည် ၆၆၉၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူသုံးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရ၍ တိရစ္ဆာန်အကောင်၁၀၀ သေဆုံးခဲ့သည်။

တွေ့ရှိ

မီးလောင်မှု (၁၆၂) ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၁၃၄) ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင် သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၂ ဒသမ ၇၂ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။ ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် မန္တလေးတိုင်း၌ အကြိမ်အများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ ပဲခူးတိုင်း၌ တတိယအကြိမ်အများဆုံး ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

မန္တလေးတိုင်း၌ မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ် (၃၅)ကြိမ်အနက် အကြိမ်(၃၀)မှာ မီးဖိုမီး အပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

ဆောင်ရွက်လျက်ရှိ

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးဘေးအန္တရာယ်အား သိရှိလိုက်နာဆောင်ရွက်ရေးအတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း၊ လိုက်လံသတိပေးနှိုးဆော်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးဟောပြောခြင်း၊ လိုက်နာဆောင်ရွက်ရေး စည်းရုံးဆောင်ရွက်ခြင်းများကို ပွင့်လင်းရာသီကာလတွင် အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းစေရန်အတွက် မီးဘေးလုံခြုံရေး စီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ပစ်မှတ်စနစ်ဖြင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းများ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ပြည်နယ်၊တိုင်း၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများက မိမိတို့တာဝန်ယူရသောနယ်မြေဒေသအလိုက် အရှိန်အဟုန်မပျက် မီးသတိမူရေးဆောင်ရွက်ကြရန်၊ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ ပြည်သူပိုင်အဆောက်အအုံ၊ ပြည်သူ့ဆေးရုံ၊ ဈေးကြီးများ၊ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ သာသနိက အဆောက်အအုံများ၊ အထပ်မြင့် အဆောက်အအုံများ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ပြတိုက်များ တည်ဆောက်မှုအား ဒေသအာဏာပိုင်များ၏ အကူအညီရယူ၍ စစ်ဆေးအကြံပြုခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကြံ့ခိုင်အသင့်ရှိရေးနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိပြီး ပွင့်လင်းခြောက်သွေ့သော ရာသီကာလတွင် မီးဘေးလုံခြုံရေး စီမံချက်ပါလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေထည်နှင့် ငွေကြေး သိန်း ၉၀ ဖိုးခန့် ခိုးယူခံရ

ရန်ကုန် ဧပြီ ၂၂

မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက် တိုက်(၃)နေ ဒေါ်တင်တင်ဝင်း (၄၉)နှစ်သည် ဧပြီ ၁၁ရက်တွင် နေအိမ်ကို တံခါးပိတ်ပြီး ကလောမြို့သို့ သွားရောက်ခဲ့သည်။ ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် နေအိမ်သို့ ပြန်လည်ရောက်ရှိပြီး စစ်ဆေးရာ နေအိမ်ရှိ ဗီရိုအတွင်းမှ ငွေကျပ် ၅၄ သိန်းအပါအဝင် ရွှေထည်ပစ္စည်းမျိုးစုံ ၁၁ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၈၇၅၀၀၀ နှင့် အက်ဖ်အီးစီ ၃၀၀ ယူနစ် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲစခန်းက (ပ)သတင်းချက်အမှတ်၃၆၁/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁၄) အခြေခံပညာမူလတန်းကျောင်း မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲတွင် စတုတ္ထတန်း(F)မှ မောင်ထူးအောင်လွင်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်း လက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .

❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .

❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .

❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .

❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲပေးရအောင်

အသည်းဖြူ မဖောက်ပြန်ဘဲနဲ့
ထောက်ခံမဲပေးရအောင်၊
မဲရုံကို သွားကြစို့
ပျိုတို့ရဲ့မောင်။
ဘေးစကားနားမယောင်
ပြည်ထောင်စုအရေး၊
မယ်နှင့်မောင်အတူယှဉ်လို့
ဖြူစင်စိတ်အတွေးနဲ့
မဲပေးစို့လေး။ ။

သာထက်မောင်

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ဘွက်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းများအား ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်-နတ်မောက်-တောင်တွင်းကြီး လမ်းတစ်လျှောက် လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပြည်-ရေနံချောင်း-မကွေး-မန္တလေးလမ်း မိုင်တိုင်အမှတ်(၂၁၁)မိုင် (၆)ဖာလုံရှိ ဘွက်ကြီးတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တံတားအချောသပ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဘွက်ကြီးတံတားသစ်မှာ ချဉ်းကပ်တံတားတွင် ပြည်ဘက်ကမ်း ပေ ၆၅၀ နှင့် အောင်လံဘက်ကမ်း ပေ ၅၂၀ ရှိပြီး ပင်မတံတား အရှည်ပေ ၆၀၀ စုစုပေါင်း တံတားအရှည် ပေ ၁၇၇၀ ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိ၍ တံတား ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ချဉ်းကပ်လမ်းအပိုင်းတွင် ပြည်ဘက်ကမ်းတွင် ၁၈၈၉ ပေရှိ၍ အောင်လံဘက်ကမ်း၌ ၁၄၄၁ ပေ အရှည်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



ထူးခြားသည့် နေ့အပူချိန်များ

၂၂-၄-၂၀၀၈

မုံရွာ၊ ချောက်၊ မင်းဘူး၊ အောင်လံ	နေပြည်တော်၊ မြင်းခြံ၊ မကွေး၊ ပခုက္ကူ
၄၃ ဒီဂရီစင်တီဂရိတ် စီ (၁၀၉ ဒီဂရီဖာရင်ဟိုက်စီ)	၄၂ ဒီဂရီစင်တီဂရိတ် စီ (၁၀၈ ဒီဂရီဖာရင်ဟိုက်စီ)

သတင်းဆောင်းပါးအညွှန်း

သတင်းဆောင်းပါး ခရမ်းစိုးမြင့်၏ **"ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ ချီတက်နေသော အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ်(၆)"** စာမျက်နှာ-၆၇

အခြေခံ ဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။